


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ )

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | – | စာအုပ်အမှတ်စဉ် ( ၅၃/၂၀၂၄ ) |
| ထုတ်ဝေသည့်ခုနှစ် | – | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၁၀၀၀ အုပ် |
| ပုံနှိပ် | – | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ )

## မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း အထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း ၇

၂။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၁၂

၃။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ် ပြောကြားသည့်အမှာစကား ၁၇

၄။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံစဉ်ပြောကြားသည့်အမှာစကား ၁၉

၅။ တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၄

၆။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၂၆

၇။ ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၈

၈။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၄ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၃၂
၉။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီးများ ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများနှင့် မိုးသည်းထန်စွာရွာသွန်းစဉ် ပျက်စီးခဲ့မှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၃၄
၁၀။ ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၃၆
၁၁။ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၃၉
၁၂။ ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၄၄
၁၃။ ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို သွားရောက်အားပေးစဉ် ပြောကြားသည့် အမှာစကား ၄၆
၁၄။ ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့် ကျေးဇူးတင်စကား ၅၀
၁၅။ ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၄
၁၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၇
၁၇။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၆၀
၁၈။ ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများအတွက် အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၆၃
၁၉။ မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၆၆

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအထိမ်းအမှတ် ပြည်သူသို့ ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း

( ၁ - ၉ - ၂၀၂၄ )



ချစ်ကြည်လေးစားရပါသော မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား မိဘပြည်သူများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဆယ်နှစ်တစ်ကြိမ် ကောက်ယူရတဲ့ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို လာမယ့်အောက်တိုဘာလ ၁ ရက်နေ့ကနေ ၁၅ ရက်နေ့အထိ နိုင်ငံတစ်ဝန်းလုံးမှာ တစ်ပြိုင်တည်း ကောက်ယူတော့မှာဖြစ်ပါတယ်။ ဒီကနေ့ကစပြီး ရေတွက်ကြည့်ရင် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်ကို စတင်ဖို့ ရက်ပေါင်း (၃၀)သာ လိုပါတော့တယ်။

**သန်းခေါင်စာရင်းမှ**

သန်းခေါင်စာရင်းဆိုတာကတော့ လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးအကြောင်းအရာတွေကို တစ်နိုင်ငံလုံး၊ ဒါမှမဟုတ် သတ်မှတ်နယ်မြေ ဒေသတစ်ခုမှာ လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူတဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဟာ အလွန်ကျယ်ပြန့်ပြီး လုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကုန်ကြေးကျလည်း တော်တော်များပါတယ်။ ကမ္ဘာ့နိုင်ငံအများစုမှာ ဆယ်နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းလုပ်ငန်းဟာ လူတစ်ဦးချင်းစီနဲ့ သက်ဆိုင်ပြီး မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်တာကြောင့် မှတ်ပုံတင် စာရင်းအင်း

အချက်အလက်တွေ ပြည့်စုံတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူနေကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအပြီး ဆယ်နှစ်အကြာ ယခု ၂၀၂၄ ခုနှစ်မှာ သန်းခေါင်စာရင်းကို နောက်တစ်ကြိမ်ကောက်ယူဖို့ အချိန်ကျရောက်လာပြီ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ လက်ရှိနဲ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု စီမံဆောင်ရွက်နိုင်ရေး အတွက် တိကျမှန်ကန်တဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းတွေ အမှန်တကယ်ရရှိဖို့ လိုအပ်တယ်ဆိုတဲ့ အချက်ကြောင့် သန်းခေါင်စာရင်းကောက်ယူဖို့ ဆုံးဖြတ်ခဲ့ရတာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတစ်ဝန်းမှာ ဆောင်ရွက်တော့မယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာ စံချိန်စံညွှန်း များနဲ့အညီ ကောက်ယူနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိနေ ပါတယ်။ ကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းအဆင့်ဆင့်ကိုလည်း လွန်ခဲ့တဲ့နှစ်တွေကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်လာတာ လက်ရှိအခြေနေမှာ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူဖို့ အဆင်သင့်ဖြစ်နေပြီ ဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိလာတဲ့ အချက်အလက်တွေ ဟာ လူဦးရေစုစုပေါင်းကိုသာ ဖော်ပြတာမဟုတ်ဘဲ နိုင်ငံ အတွင်းမှာ ရှိနေတဲ့သူတွေရဲ့ အသက်အပိုင်းအခြားအလိုက်၊ ကျား၊ မ အလိုက် လူဦးရေတွေကို ရရှိနိုင်သလို လူမှု စီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံးနဲ့သက်ဆိုင်တဲ့ အချက် အလက်တွေ၊ အိမ်အကြောင်းအရာတွေကိုလည်း ရရှိနိုင် မှာဖြစ်လို့ အလွန်အရေးကြီးတဲ့ လုပ်ငန်းစဉ်လို့ ဆိုနိုင်ပါ တယ်။ ဒီလုပ်ငန်းစဉ်ကနေ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေ အခြေအနေတွေ၊ နေထိုင်မှုပုံစံတွေကို တိတိကျကျသိရှိ နိုင်မှာဖြစ်လို့ ဒီအချက်အလက်တွေကို အသုံးပြုပြီးတော့မှ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ စီမံ ဆောင်ရွက် အကောင်အထည်ဖော်နိုင်မှာလည်း ဖြစ်ပါ တယ်။

ကျွန်တော်တို့နိုင်ငံဟာ အခြားနိုင်ငံများနဲ့မတူဘဲ တစ်မူထူးခြားတဲ့ ရေမြေတောတောင် သဘာဝအလှအပ တွေ၊ သဘာဝသယံဇာတတွေနဲ့ ကြွယ်ဝပြည့်စုံနေသလို မတူကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေ၊ ဘာသာစကားတွေနဲ့ ညီညွတ်စွာ ပေါင်းစပ်စုစည်းထားတဲ့ ပြည်ထောင်စု နိုင်ငံတော်ကြီးလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ ပြည်ထောင်စုစိတ်ဓာတ် အစဉ် ရှင်သန်ခိုင်မာနေစေဖို့၊ ကျွန်တော်တို့နိုင်ငံအကြောင်းကို ပိုမိုသိရှိဖို့ လိုအပ်သလို မတူကွဲပြားမှုတွေကိုလည်း ညှိနှိုင်း ပေါင်းစပ်ပြီး နိုင်ငံ့အတွက် ကောင်းကျိုးရအောင် စီမံ ဆောင်ရွက်သွားကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော မြန်မာနိုင်ငံသူ နိုင်ငံသားများ ခင်ဗျာ–**

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာမယ် ဆိုရင် အဲဒီနိုင်ငံက ထုတ်ပြန်တဲ့ လူဦးရေနဲ့ လူမှုစီးပွား ဆိုင်ရာ စာရင်းအင်းအချက်အလက်တွေကို ဆန်းစစ် လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ ဒါ့ကြောင့်လည်း တစ်နိုင်ငံလုံးရဲ့ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်း အချက် အလက်တွေ တိတိကျကျ မှန်မှန်ကန်ကန် ရရှိနိုင်ရေးဟာ အလွန်ပဲ အရေးကြီးပါတယ်။ စာရင်းအင်းအချက်အလက်

> **နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာမယ်ဆိုရင် အဲဒီနိုင်ငံက ထုတ်ပြန်တဲ့ လူဦးရေနဲ့ လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်တွေကို ဆန်းစစ်လေ့လာခြင်းဖြင့် သိရှိနိုင်ပါတယ်။ တစ်နိုင်ငံလုံးရဲ့ စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်တွေ တိတိကျကျ မှန်မှန်ကန်ကန် ရရှိနိုင်ရေးဟာ အလွန်ပဲ အရေးကြီးပါတယ်။ စာရင်းအင်းအချက်အလက်တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ထင်ဟပ်ဖော်ပြနေတာဖြစ်လို့ နိုင်ငံရဲ့ ကြေးမုံပြင်လို့လည်း တင်စားလေ့ရှိပါတယ်။**

တွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ထင်ဟပ်ဖော်ပြနေတာဖြစ်လို့ နိုင်ငံရဲ့ ကြေးမုံပြင်လို့လည်း တင်စားလေ့ရှိပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်တွေကို ကဏ္ဍအလိုက် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ မူဝါဒချမှတ်တာတွေ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်တာတွေ စတဲ့လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အခြေခံအဖြစ် အသုံးပြုရတဲ့ လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်တွေကို သန်းခေါင်စာရင်းမှသာ ရရှိနိုင်မှာလည်း ဖြစ်ပါတယ်။

သန်းခေါင်စာရင်းက ရရှိလာတဲ့ အချက်အလက်တွေဟာ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုနယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်တဲ့ ဖွံ့ဖြိုးမှုစီမံကိန်းတွေ ရေးဆွဲနိုင်ဖို့နဲ့ အထောက်အထား အခြေပြုဆုံးဖြတ်ချက်တွေ ချမှတ်ရာမှာ မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံမှာ သယံဇာတရင်းမြစ်တွေ ခွဲဝေသတ်မှတ်တာတွေ၊ ဘဏ္ဍာငွေ ခွဲဝေချမှတ်တာတွေ၊ နယ်မြေရေးယာ နယ်နိမိတ်တွေကို ပြန်လည်ဆန်းစစ်တာတွေကလည်း လူဦးရေပေါ်မှာပဲ အခြေခံရတာဖြစ်ပါတယ်။

စာသင်ကျောင်း၊ ဆေးရုံနဲ့ ကျန်းမာရေးဌာနတွေ၊ လမ်း၊ တံတားတွေ စတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ပေးခြင်းနဲ့ သုတေသနလုပ်ငန်းတွေမှာလည်း သန်းခေါင်စာရင်းက ရရှိလာတဲ့ အချက်အလက်တွေကို လေ့လာဆန်းစစ်အသုံးပြုနိုင်မှာဖြစ်လို့ နိုင်ငံတော်အတွက် များစွာအသုံးဝင်ကြောင်းနဲ့ အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

ဒ့ါပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အဓိကမရည်မှန်းချက်ဖြစ်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ မဲစာရင်းတိကျမှန်ကန်စေရေး လုပ်ဆောင်ရာမှာလည်း အသုံးပြုနိုင်မှာလည်း ဖြစ်ပါတယ်။

ဒ့ါအပြင် သန်းခေါင်စာရင်းအချက်အလက်တွေဟာ ကုလသမဂ္ဂရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals –SDGs)နဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP) စတဲ့ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်တွေ ဆောင်ရွက်ချက်တွေကို ဆန်းစစ်လေ့လာရာမှာလည်း အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

သန်းခေါင်စာရင်းကရရှိတဲ့ ကိန်းဂဏန်းတွေဟာ ကျွန်တော်တို့ အစိုးရလက်ထက်သာမက နောင်အစိုးရ အဆက်ဆက်ထိ လက်ဆင့်ကမ်း အမွေပေးရမယ့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်တွေဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။ ဒီလိုတန်ဖိုးမဖြတ်နိုင်တဲ့ အချက်အလက်တွေကို

**သန်းခေါင်စာရင်းအချက်အလက်တွေဟာ ကုလသမဂ္ဂရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးမှုပန်းတိုင် (Sustainable Development Goals–SDGs)နဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP) စတဲ့ ပြည်တွင်းပြည်ပ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်တွေ ဆောင်ရွက်ချက်တွေကို ဆန်းစစ်လေ့လာရာမှာလည်း အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။**

**နိုင်ငံတော်ရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်း အသိပေးလိုပါတယ်။**

မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်ဖို့ နိုင်ငံတွင်းနေထိုင်ကြသူအားလုံးကို လူဦးရေနဲ့ အိမ်အကြောင်းအရာဆိုင်ရာ မေးခွန်းတွေ မေးမြန်းကောက်ယူသွားမှာလည်း ဖြစ်ပါတယ်။

ဒီနေရာမှာ အရေးကြီးဆုံးကတော့ မေးခွန်းတွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ဖြေဆိုပေးကြဖို့ လိုအပ်ပြီး မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိသားစဉ်မြေးဆက်အတွက်၊ နိုင်ငံတော်အတွက် အနည်းဆုံး(၁၀)နှစ်စာ စီမံဆောင်ရွက်နိုင်တဲ့ အခြေခံ အချက်အလက်များ ရရှိစေနိုင်မယ့် အကျိုးရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောလိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ အနာဂတ်၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို ပုံဖော်ပေးနိုင်ဖို့ အခုဆောင်ရွက်မယ့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကြီးမှာ မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြဖို့ ထပ်လောင်း အသိပေးလိုပါတယ်။

**ချစ်ကြည်လေးစားရပါသော တိုင်းရင်းသားပြည်သူများခင်ဗျာ–**

ကမ္ဘာပေါ်မှာ ဘယ်လုပ်ငန်းမဆို ကန့်သတ်ချက်တစ်စုံတစ်ရာကြောင့် အားလုံးနဲ့မသက်ဆိုင်ပေမယ့် ဒီနေ့ကမ္ဘာမှာ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ ကျား၊ မ မရွေး အားလုံးပါဝင်ခွင့်ရှိတဲ့ တစ်ခုတည်းသော လုပ်ငန်းစဉ်ကတော့ သန်းခေါင်စာရင်း လုပ်ငန်းစဉ်လို့ ဆိုရမှာဖြစ်ပါတယ်။ သန်းခေါင်စာရင်းရလဒ်ဟာ နိုင်ငံအတွက် အရေးပါတဲ့ အချက်အလက်များဖြစ်သလို မိမိတို့တစ်ဦးချင်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမှာလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ဝယ်ရရှိနေတဲ့ အခွင့်အရေးကြီးကို ပြည့်ပြည့်ဝဝရရှိခံစားနိုင်ဖို့အတွက် သန်းခေါင်စာရင်းကို လူတိုင်းအကောက်ခံကြဖို့လည်းလိုအပ်ပါတယ်၊ လူတိုင်းပါဝင်ကြဖို့လည်း လိုအပ်ပါတယ်။ အိမ်ထောင်စု အဖွဲ့အစည်းတိုင်းအတွက် စာရင်းကောက်တွေက အိမ်တိုင်ရာရောက် လာရောက်မေးမြန်းမယ့် မေးခွန်းတိုင်းအပေါ်မှာ သံသယစိတ်၊ စိုးရိမ်ကြောင့်ကြစိတ်များ ကင်းစွာနဲ့ နောင်အနာဂတ်မျိုးဆက်သစ်တွေအကျိုးအတွက် အမှန်ကို အမှန်အတိုင်း အမှားအယွင်းမရှိအောင် ယုံယုံကြည်ကြည် ဖြေကြားကြဖို့ လိုအပ်ပါတယ်။ သန်းခေါင်စာရင်းအတွက် ထုတ်ပြန်ထားတဲ့ ၂၀၁၃ ခုနှစ် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေကလည်း ပြည်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို လုံခြုံမှုအကာအကွယ်ပေးထားပြီးဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

သန်းခေါင်စာရင်းက ကျွန်တော်တို့နိုင်ငံရဲ့ ပကတိအခြေအနေ၊ နိုင်ငံအတွင်း နေထိုင်သူတွေရဲ့ ဒေသအလိုက်၊ အသက်အပိုင်းအခြားအလိုက်၊ မြို့ပြကျေးလက်အလိုက် လူဦးရေကိုသာ ရရှိနိုင်ရုံသာမက ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကို ခွဲခြားသိရှိနိုင်မှာလည်းဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် နေရာဒေသအလိုက် လိုအပ်တဲ့ အစီအမံတွေ ချမှတ်နိုင်ဖို့ အခြေခံအရင်းအမြစ်တွေကို ဖန်တီးပံ့ပိုးပေးနိုင်မှာဖြစ်သလို လိုအပ်တဲ့ လုပ်သားအင်အားကိုလည်း ဖော်ထုတ်သိရှိနိုင်မှာဖြစ်ပါတယ်။ ကျွမ်းကျင်မှုလိုအပ်တဲ့ လုပ်သားတွေအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းတွေ၊ ကျွမ်းကျင်မှုသင်တန်းတွေကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်မှာလည်းဖြစ်ပါတယ်။ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းထောက်ပံ့မှု အစီအစဉ်တွေကိုလည်း ကြိုတင်ပြင်ဆင်နိုင်မှာလည်း ဖြစ်ပါတယ်။

ပြင်ပစီးပွားရေး လုပ်ငန်းရှင်များအတွက်ကတော့ ဈေးကွက် ရှာဖွေခြင်း၊ စားသုံးသူခန့်မှန်းခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်ခြင်း စတာတွေအတွက် အသုံးဝင်မှာဖြစ်သလို ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်သူများ ကယ်ဆယ်ရေး စတဲ့ကဏ္ဍတွေမှာလည်း အသုံးဝင်မှာ ဖြစ်ပါတယ်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ဒီလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြားသော လုပ်ငန်းစဉ်တွေမှာ မဖြစ်မနေ အခြေခံအသုံးပြုရမယ့် ကိန်းဂဏန်းတွေ၊ အချက်အလက်တွေ၊ အကြောင်းအရာတွေ ရရှိဖို့အတွက် မကြာခင်မှာ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်တော့မှာလည်း ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့ကနေ (၁၅)ရက်နေ့

အထိ ကောက်ယူမယ့် လူဦးရေနဲ့အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဟာ ပြည်တွင်းရှိ လူ့စွမ်းအား အရင်းအမြစ်တွေကို အခြေခံပြီး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးကို တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်ဘဲ နိုင်ငံတစ်ဝန်း နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးရဲ့ ညီညွတ်သောအင်အားနဲ့ အောင်မြင်အောင်ဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံ့စွမ်းအားကို ပြသရမှာလည်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်မယ့် အခွင့်အခါကောင်းတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီးကို နိုင်ငံတော်၏ အမျိုးသားရေး လုပ်ငန်းစဉ်အဖြစ် ခံယူပြီး **"ပြည်သူအားလုံး ပါဝင်လို့၊ သန်းခေါင်စာရင်းကောက်ကြစို့"**ဆိုတဲ့ဆောင်ပုဒ်နဲ့အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်းနိဂုံးချုပ်အပ်ပါတယ်။

■ ■ ■

# တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၁ - ၉ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဗိုလ်ချုပ်ကြီး ညီညီစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား အသီးသီး ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းအောင်မြင်စေရေး

ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား အသီးသီးရှင်းလင်းတင်ပြကြသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြ၊
စီးပွားရေး ကောင်းမွန်မှသာ နိုင်ငံရေး
တည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့်
စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့်
နေထိုင်လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်၊
စီးပွားရေးနှင့် နိုင်ငံရေးသည်
အပြန်အလှန် အမှီသဟဲပြုနေခြင်းဖြစ်ပြီး
နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်
နိုင်ငံသားများအားလုံးတွင် တာဝန်ရှိ
စီးပွားရေးတွင် တိုးတက်မှုများရှိသကဲ့သို့
ထိုက်သင့်သလောက် အောင်မြင်မှု
မရှိခဲ့သည်များလည်းရှိ၊ စီးပွားရေး
အားနည်းချက်များ ဖြစ်ပေါ်မှုများကြောင့်
နိုင်ငံရေး ပြဿနာများဖြစ်ပေါ်ခဲ့သည်ကို
လည်း တွေ့မြင်ရမည်ဖြစ်ပြီး စီးပွားရေး
ကျဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်း
နည်းပါးခြင်းများကြောင့်ဖြစ်၊
ခေတ်အဆက်ဆက်တွင် ဖြစ်ပေါ်ခဲ့သည့်
နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ
အားသာချက်များ၊ အားနည်းချက်များကို
သင်ခန်းစာယူဖော်ထုတ်၍ မိမိတို့အနေဖြင့်
နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို
ဆောင်ရွက်သွားကြရမည်ဖြစ်။

**တင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများက မိုးရာသီကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်သည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မှုနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲရန်လိုအပ်မှု၊ စိုက်ပျိုးရေမျာကို အကျိုးရှိစွာ အသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တောင်သူလယ်သမားများ စိုက်ပျိုးရေး အသိပညာများ သိရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် စပါးစိုက်ခင်းများအတွက် မျိုးစပါးများပံ့ပိုးပေးနိုင်မှု၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ဥစားကြက်၊ အသားစားကြက်နှင့် နို့စားနွားများ တိုးချဲ့မွေးမြူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားကြသည်။

**ဖြည့်စွက်ဆွေးနွေး**

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းမကြီးများနှင့်ပတ်သက်၍ လမ်းမကြီးများဥပဒေနှင့်အညီ လမ်းဧရိယာ၊ လမ်းနယ်များ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း၊ လမ်းမကြီးများ ဥပဒေနှင့်သတ်မှတ်ထားသည့် လမ်းနယ်များနှင့်မလွတ်ကင်းသည့်နေရာများမှ မြေများအား ဂရန်သက်တမ်းတိုးခြင်းများကို ကန့်သတ်ရန်လိုကြောင်း၊ ဒေသအလိုက်လမ်းများအား လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေး ဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ၌ ရေနုတ်မြောင်းများကို စနစ်တကျ ထည့်သွင်း၍ ရေထုတ်စနစ်များ ဆောင်ရွက်ရန်လိုကြောင်း၊ ရေထုတ်စနစ်များကောင်းမွန်မှသာ ရေကြီးရေလျှံခြင်းများကို လျော့ပါးစေမည်ဖြစ်ကြောင်း။

မြေယာနှင့်ပတ်သက်၍ မြေလွတ်မြေရိုင်းများအပေါ်၌

စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ မြေယာများ ရယူထားမှုများကို ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲရန်အတွက် တိုင်းဒေသကြီးအဆင့်ဖြင့် ဆောင်ရွက်၍ ရသော်လည်း လယ်မြေများကို အခြားနည်းဖြင့် ပြောင်းလဲသုံးစွဲမှုများကို နိုင်ငံတော်အစိုးရထံ ခွင့်ပြုချက်ရယူရမည် ဖြစ်ကြောင်း၊ လယ်မြေများကို အခြားနည်းများဖြင့် သုံးစွဲခြင်းများကြောင့် စိုက်ပျိုးမြေများလျော့နည်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုများကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် မြေယာများနှင့်ပတ်သက်၍ စနစ်တကျဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြေများကို အကျိုးရှိစွာဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ မြေလွတ် မြေရိုင်းများနှင့် လယ်ယာမြေပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ဥပဒေများကို ပြန်လည်သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း။

စာကြည့်တိုက်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှု စာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်ရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်၍ ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများရရှိအောင် ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့နယ်၊ ကျေးရွာရပ်ကွက်များအလိုက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင်လည်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဖတ်ခြင်း၊ မှတ်ခြင်း၊ ဆွေးနွေးခြင်းများရှိမှသာ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာတတ်များ ပေါ်ထွက်လာရေး ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**နိုင်ငံ့စီးပွားကောင်းမွန်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံရခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို မှာကြားနိုင်ရန်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလိုလားကြကြောင်း၊စီးပွားရေးကောင်းမွန်မှသာ နိုင်ငံရေးတည်ငြိမ်အေးချမ်းပြီး ပြည်သူများအနေဖြင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးနှင့် နိုင်ငံရေးသည် အပြန်အလှန် အမှီသဟဲပြုနေခြင်းဖြစ်ပြီး နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားများအားလုံးတွင် တာဝန်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့အထိ နိုင်ငံရေးစနစ်အမျိုးမျိုးကို ကျင့်သုံးခဲ့ကြောင်း၊ နိုင်ငံရေးစနစ်များပြောင်းလဲကျင့်သုံးမှုနှင့်အတူ စီးပွားရေးစနစ်များလည်း ပြောင်းလဲကျင့်သုံးမှုများရှိခဲ့ကြောင်း၊ စီးပွားရေးတွင် တိုးတက်မှုများရှိသကဲ့သို့ ထိုက်သင့်သလောက် အောင်မြင်မှုမရှိခဲ့သည်များလည်းရှိကြောင်း၊ စီးပွားရေးအားနည်းချက်များ ဖြစ်ပေါ်မှုများကြောင့် နိုင်ငံရေးပြဿနာများဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပြီး စီးပွားရေးကျဆင်းမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းများကြောင့်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာ အားသာချက်များ၊ အားနည်းချက်များကို သင်ခန်းစာယူဖော်ထုတ်၍ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**စားရေရိက္ခာဖူလုံရေး ဆောင်ရွက်ပေးနိုင်ရန်လို**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ အခြားကုန်ထုတ်လုပ်မှု

လုပ်ငန်းများကိုလည်း တိုးတက်အောင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီတွင် စားရေး၊ ဝတ်ရေး၊ နေရေးဟူ၍ရှိပြီး အားလုံးအဆင်ပြေနေစေရေးအတွက် စီးပွားရေးကောင်းမွန်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စားနပ်ရိက္ခာထုတ်လုပ်သည့်နိုင်ငံဖြစ်သဖြင့် စားရေးနှင့်ပတ်သက်၍ အခက်အခဲမရှိကြောင်း၊ မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်တွင်လည်း စားရေရိက္ခာဖူလုံရေးပါဝင်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအားလုံးတွင် ဒေသဝမ်းစာဆန်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး စားရေရိက္ခာဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဝတ်ရေးနှင့်ပတ်သက်၍ လူတိုင်းသည် အဝတ်အထည်များကို မဖြစ်မနေ အသုံးပြုရကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် နိုင်ငံဖြစ်သဖြင့် ပြည်တွင်း၌ ဝါများလုံလောက်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း မိမိတို့အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါမှ ဝါဂွမ်း၊ ချည်၊ ပိတ်နှင့် ချည်ထည်များ အဆင့်ဆင့်ထုတ်လုပ်ရကြောင်း၊ ဝါကို အဓိကစိုက်ပျိုးသည့်ဒေသများ၌ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဝါကို အခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

စားဝတ်နေရေးတွင် စားရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကုန်ဈေးနှုန်းများသည် ထိုက်သင့်သည့် ဈေးနှုန်းထက် များပြားနေသည်ကိုတွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေများ ရရှိစေရေး ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ လက်ရှိအချိန်တွင် ပြည်ပနှင့် အကြောင်းအမျိုးမျိုးဖြင့် ဆက်သွယ်ဆောင်ရွက်မှုများပြားလာခြင်းကြောင့် နိုင်ငံခြားငွေများ လိုအပ်ချက်ရှိလာကြောင်း၊ နိုင်ငံခြားငွေသုံးစွဲမှုများနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် မူဝါဒများချမှတ်၍ ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်အစိုးရများအဆက်ဆက်က ပြည်ပမှချေးယူခဲ့သည့် ပြည်ပချေးငွေများကိုလည်း မိမိတို့အနေဖြင့် ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ နိုင်ငံခြားဝင်ငွေများ ရရှိရေးအတွက် ပြည်ပရောင်းတန်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အဆိုပါထုတ်ကုန်များကို ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့်လည်း စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ တတ်စွမ်းသရွေ့ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ထောက်ပံ့ကြေးများ တိုးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်အခများ မှန်မှန်ကန်ကန်ရရှိစေရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

**ပညာရေး၊ ကျန်းမာရေး**

ပညာရေးနှင့်ပတ်သက်၍ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရ ပညာခေတ်၊ IT ခေတ်တွင် လူတိုင်းအလယ်တန်းအဆင့်အထိ ပညာတတ်မြောက်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရှိပြီးဖြစ်သည့် သယံဇာတများကို အကျိုးရှိထိရောက်စွာဖြင့် အသုံးချနိုင်ရန် ပညာတတ်သည့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရည်မြင့်မားစေရေး KG+9 အထိ မသင်မနေရစနစ်ကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများ အလုံအလောက်ခန့်အပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ စာသင်ကျောင်းများအနေဖြင့်လည်း အဆင့်မီသည့် ကျောင်းများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် ကျောင်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးကောလိပ်များတွင် ဆရာ၊ ဆရာမများ သင်တန်းအပြည့်အဝ တက်ရောက်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆင်ပြေချောမွေ့စွာဖြင့် သင်ကြားပေးနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်စေရေးအတွက် အချိန်ပိုများဖြင့်

သင်ကြားပေးရန်လိုကြောင်း။

**မိမိတို့ကျရာကဏ္ဍအလိုက် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်**

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အထောက်အကူရစေရန် လာမည့် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူမှုသည် နိုင်ငံအတွက် များစွာအကျိုးရှိသည့် လုပ်ငန်းရပ်ဖြစ်ပြီး ရရှိလာသည့် အချက်အလက်များအပေါ် မူတည်၍ နိုင်ငံ့အကျိုးအတွက် များစွာစီမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်မှ တာဝန်ရှိသူများအနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံကောင်းမွန်စေရေးအတွက် နိုင်ငံ့အရေးကို ဆောင်ရွက်ရမည်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်များ ကျေပွန်စွာထမ်းဆောင်၍ မိမိတို့တာဝန်ကျရာ နေရာများအလိုက် ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို တတ်စွမ်းသရွေ့ ဖော်ဆောင်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားစဉ် ပြောကြားသည့်အမှာစကား

( ၃ - ၉ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ စက်တင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။

ဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အစည်းအဝေးခန်းမတွင် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် လမ်းတံတားများ လုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လွိုင်ကော်မြို့နှင့် အခြားမြို့များအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများထံမှ လက်နက်ခဲယမ်းများသိမ်းဆည်းရမိမှုနှင့် PDF အမည်ခံအကြမ်းဖက်သမားများ အလင်းဝင်ရောက်လာမှု၊ တရားမဝင်သစ်များ ဖမ်းဆီးရမိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံရေးအတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို စနစ်တကျဆောင်ရွက်နေရန်လိုကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့်ပတ်သက်သည့် သတင်းများ စဉ်ဆက်မပြတ်ရရှိအောင် သတင်းရယူတည်ဆောက်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူများ သွားလာလျက်ရှိသည့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများ မရှိအောင် ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ယခင်ကတည်းကပင် ငြိမ်းချမ်းရေးရယူခဲ့ပြီး ဒေသတည်ငြိမ်

အေးချမ်းမှုများကို နိုင်ငံတော်၊ တပ်မတော်နှင့် လက်တွဲ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ ဒေသများ အတွင်း၌လည်း အကြမ်းဖက်သမားများ ဝင်ရောက်လှုပ်ရှား မှုများကြောင့် နယ်မြေမငြိမ်မသက်မှုများ မဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိသည့် MNDAA လက်နက်ကိုင် သောင်း ကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူ အဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား စက်တင်ဘာ ၂ ရက်နေ့တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွှယ်နေသူ များအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေ ကြသူများပင်ဖြစ်ကြောင်း။

ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကိုဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်း အရာသန်းခေါင်စာရင်း ကောက်ယူရာတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများတွင် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားနယ်မြေ ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကိုလမ်းညွှန်မှာကြားခဲ့ သည်။

■ ■ ■

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံစဉ်ပြောကြားသည့်အမှာစကား

( ၃ - ၉ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၃ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှု၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ မြင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသနေပြည်သူများ ကျန်းမာကြံ့ခိုင် သန်စွမ်းစေရေးအတွက် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ အဆင့်မြင့်တင်တည်ဆောက်ပေးထားမှုနှင့် အားကစားပွဲများ ကျင်းပလျက်ရှိမှု၊ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုနှင့် တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်းရှိ အချို့ဒေသများ၌ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ၎င်းတို့၏ နေရပ်အသီးသီးမှ ဘေးလွတ်ရာနေရာများသို့ ယာယီနေရပ်စွန့်ခွာတိမ်းရှောင်နေရသူများအား ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု ယခုထက်လျင်မြန်ချောမွေ့စေရေးအတွက် လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို တင်ပြသည်။

## နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် လုံခြုံရေး ပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်ရာ၌ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို ဦးစွာပြောကြားလိုကြောင်းဖြင့် ပြောကြားပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုနှင့် အဆိုပါ မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့မှု၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို ဖော်ဆောင်ပေးနိုင်မည့် စစ်ဘက်၊ အရပ်ဘက်မှ ပုဂ္ဂိုလ်များကို ရွေးချယ်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့မှု၊ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့မှု၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်၍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်တွင် ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့မှု၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံတော်တွင် နိုင်ငံရေးအရအကျပ်အတည်းများ ဖြစ်ပေါ်နေမှုကို အခွင့်ကောင်းရယူ၍ နယ်မြေချဲ့ထွင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ကြုံတွေ့လာခဲ့ရမှု၊ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများ အနေဖြင့် နေရပ်ဒေသများနှင့် နေအိမ်စည်းစိမ်များကို စွန့်ခွာပြီး အခြားဘေးလွတ်ရာဒေသများတွင် ယာယီသွားရောက်ခိုလှုံနေကြရမှု၊ လက်ရှိအချိန်တွင် အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ် စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိမှု၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်မှု၊ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းတည်ငြိမ် အေးချမ်းမှုများ အမြန်ဆုံးပြန်လည်ရရှိရေးအတွက် စည်းလုံးသော အင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု

လက်ရှိအချိန်တွင် လက်နက်ကိုင်
အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့်
တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို
ကာကွယ်ရန်အတွက် ပြည်သူတို့၏
နေအိမ်အဆောက်အအုံများ၊
အရပ်ဘက် အုပ်ချုပ်မှုဆိုင်ရာ
အဆောက်အအုံများကို အသုံးပြုခြင်း၊
အပြစ်မဲ့ပြည်သူလူထုတို့ကို
လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး
ယာယီနေရပ် စွန့်ခွာနေရသူများကို
ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊
အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို
လုပ်ဆောင်လျက်ရှိ။

အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**နိုင်ငံ့စီးပွားကောင်းမွန်ရေး အားပေးဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် စီးပွားရေးနှင့်ပတ်သက်၍ စီးပွားရေးသည် နိုင်ငံရေးနှင့် ဆက်စပ်လျက်ရှိပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နိုင်ငံရေးလည်း ကောင်းမွန်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှ တင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေ လိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်က ပြည်ပမှရရှိခဲ့သည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှ ဝင်ငွေများ ရရှိရန်အတွက် နိုင်ငံတွင်းရှိ သယံဇာတများ ထုတ်ယူရောင်းချခြင်းနှင့် ကုန်သွယ်မှုရရှိငွေများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှ တင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကို အဓိကပိုမိုတင်ပို့ခဲ့ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများကို များစွာသုံးစွဲကုန်ကျရလျက်ရှိကြောင်း၊ စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ဆီထွက်သီးနှံစိုက်ပျိုးသည့် နိုင်ငံဖြစ်ပြီး မြေပဲနှင့် နှမ်းကို အဓိကစိုက်ပျိုးကြပြီး အခြားဆီထွက်သီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ သို့သော်လည်း ဆီထွက်သီးနှံများကို ဆီအဖြစ် ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်းစားသုံးဆီလိုအပ်ချက်များဖြစ်ပေါ်လျက်ရှိကြောင်း၊ပြည်တွင်း၌ ဆီထွက်သီးနှံများကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး ဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများမှ ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက် လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက်

> **စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများ၊ ပို့ကုန်ပစ္စည်းများ တိုးမြှင့်ရရှိရေး ဆောင်ရွက်ရာတွင် အခြားပြည်ပနိုင်ငံများမှ ဆောင်ရွက်နေသည့် ခေတ်မီနည်းစနစ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတုယူဆောင်ရွက်ကြရန်လို၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီး ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင် မြေအနေအထားကို ပိုင်ဆိုင်ထားရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို။**

ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေး ကောင်းမွန်လာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းများပြန်လည်ကျဆင်းသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ပေးရန်လိုပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ရှမ်းပြည်နယ်ဒေသအတွင်း သစ်ဝါးများ ပေါများစွာရှိကြောင်း၊ ထို့ကြောင့် သစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိပြီး သစ်နှင့်ဝါးကို အခြေခံသည့် ပျော့ဖတ်များ၊ တန်ဖိုးမြှင့်ပစ္စည်းများကိုထုတ်လုပ်နိုင်ကြောင်း၊ တစ်ဖက်တွင်လည်း သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အခြားတွင်းထွက်ပစ္စည်းများဖြစ်သည့် ကျောက်မီးသွေး ထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ပိုင်ဆိုင်ထားကြောင်း။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်**

ထိုကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဒေသအတွင်း ပညာတတ်လူသား အရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လည်း လိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် အတွင်းရှိ အချို့ကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်များသည် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ပိတ်ထားရကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်အားလုံး အနည်းဆုံး KG+9 အဆင့်အထိ တက်ရောက်အောင်မြင်ရန်လိုကြောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကိုဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသား၊ ကျောင်းသူများ အားလုံးကိုလည်း အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာတတ်များဖြစ်မှသာ ၎င်းတို့၏အနာဂတ် တိုးတက်ကောင်းမွန်မည်ဖြစ်သကဲ့သို့ အတွေးအခေါ်များ ကောင်းမွန်လာပြီး စဉ်းစားဆင်ခြင်တုံ တရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ယခင်က အတန်းပညာ အားနည်းခဲ့သူများ ဗဟုသုတနှင့် အသိပညာများ ရရှိနိုင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်များကို တိုးချဲ့ဖွင့်လှစ်၍ စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများကိုဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပညာမြင့်မားရေးသည် နိုင်ငံတိုးတက်ရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် အနာဂတ်နိုင်ငံတော်ကိုဦးဆောင်တည်ဆောက်ကြမည့် အနာဂတ် လူသားအရင်းအမြစ်များအနေဖြင့် စည်းကမ်းစနစ်တကျရှိသည့် လူငယ်များဖြစ်ရန်လည်း လိုကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ဦးစွာ ခံယူခဲ့ရသူများဖြစ်ကြောင်း၊ ငယ်စဉ်က အတန်းပြီးဆုံးအောင် တက်ရောက်ခဲ့ကြသူများမှာ စည်းကမ်းစနစ်တကျဖြင့် နေထိုင်တတ်သူများ ဖြစ်သကဲ့သို့ ပညာကိုလည်း တတ်မြောက်အောင်မြင်နိုင်ကြသူများဖြစ်ကြောင်း၊ ဥပဒေ၏ အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်များ ရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူအဖွဲ့အစည်း၊ အသိုက်အဝန်းကို ပုံဖော်ပေးရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်

**ဥပဒေ၏ အခြေခံမှာ စည်းကမ်းပင်ဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်များ ရရှိစေရေး ပညာပေးမှုများနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ပေးရန်လို၊ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် စည်းကမ်းစနစ်ကျနသည့် လူအဖွဲ့အစည်း၊ အသိုက်အဝန်းကို ပုံဖော်ပေးရန်လိုပြီး ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်။**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဥပဒေပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ သိရှိနားလည်နိုင်ရေး တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ KG+11 နှင့် KG+12 တို့ရှိ ကျောင်းသား၊ ကျောင်းသူများကိုလည်း ဥပဒေဆိုင်ရာအခြေခံများကို သိရှိနိုင်ရေး ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးသွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းမည်ဟု ယုံကြည်ကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း ဆေးရုံများအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆေးရုံများအားလုံးတွင် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံသုံးပစ္စည်းများ လုံလောက်စွာရရှိရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍ တိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

## ပြည်သူ့လုံခြုံရေး

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအတွက် ကောင်းရာကောင်းကျိုးဆောင်ရွက်မည့်သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့် သတင်းပေးသည့်စနစ်ကိုဖော်ဆောင်ခြင်းအားဖြင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် တည်ငြိမ်အေးချမ်းမှုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ တစ်ဦးချင်းနှင့်သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများ လုံခြုံရေး အသိတရားဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက လုံခြုံရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များ ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသများမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၃ - ၉ - ၂၀၂၄ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာလ ၃ ရက်နေ့ ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးနှင့် ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အရေးပေါ်ကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ကြည့်ရှု၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးက ဆေးရုံ၏သမိုင်းအကျဉ်း၊ အဆောက်အအုံများ ဆောက်လုပ်ထားရှိမှုနှင့် လူနာဆောင်သစ်များ ဆောက်လုပ်ထားရှိမှု၊ ကင်ဆာရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ လအလိုက် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အထူး

ကြပ်မတ်ကုသမှုများ ဆောင်ရွက်နိုင်မှု၊ ခွဲစိတ်မှန်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ခွဲစိတ်ရောင်ခြည် ကုသမှုများ ဆောင်ရွက်နိုင်မှုနှင့် ကင်ဆာကုသခြင်းလုပ်ငန်းအတွက် စက်ကိရိယာများ ထပ်မံလိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည့် စက်ကိရိယာများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ပစ္စည်းများအသုံးပြု၍ ကုသမှုများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ ဆေးရုံများအနက် လိုအပ်ချက်ရှိသည့် ဆေးရုံများကို အဆင့်မြှင့်တင်မှုများနှင့် တိုးချဲ့မှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း နယ်မြေအတွင်း နေထိုင်သည့် ပြည်သူများ၏ လူဦးရေကို တွက်ချက်၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးရုံတိုးချဲ့တည်ဆောက်ရန်အတွက် လိုအပ်သည့် မြေနေရာများကိုလည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ၏ နေအိမ်များ ထည့်သွင်းတည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆေးရုံများအတွက် လိုအပ်သည့် ပါရဂူများကိုလည်း ခန့်အပ်တာဝန်ပေးရမည်ဖြစ်ကြောင်း ပြောကြား၍ ဆေးရုံ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်သူတိုင်း ကျန်းမာရန်လိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ ငယ်ရွယ်စဉ်ကတည်းကပင် အခြေခံကောင်းများရှိရန်လိုကြောင်း၊ ထို့ကြောင့် အစားအသောက်မှအစ ဂရုတစိုက်ဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဆေးရုံများသည် ပြည်သူများအတွက် အားကိုးဖွယ်ရာဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြောဆိုဆက်ဆံမှုမှအစ ကုသစောင့်ရှောက်မှုအပိုင်းများတွင်ပါ စနစ်တကျရှိစေလိုကြောင်း၊ ဆေးရုံသည် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်နေရန်လိုကြောင်း၊ အညစ်အကြေးစွန့်သည့် စနစ်များကိုလည်း အနံ့အသက်များ ကင်းရှင်းစေရေး ဆောင်ရွက်ရန်လိုကြောင်း။

**အားကိုးသည့်စိတ်များ ဖြစ်ပေါ်အောင်ဆောင်ရွက်**

ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသူများဖြစ်သဖြင့် ဝတ်စားဆင်ယင်မှုများ ကောင်းမွန်နေရန်လိုကြောင်း၊ ဆေးရုံသို့ လာရောက်ကုသသည့် ပြည်သူများအနေဖြင့် မိမိတို့ဆေးရုံသို့ လာရောက်ချိန်တွင် အားကိုးသည့်စိတ်များဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက် ကုသမှုပေးရာတွင်လည်း ကောင်းမွန်စွာဖြင့် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဆေးရုံတက်ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သည့် အစာအာဟာရများရရှိစေရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်မှုအဆင်ပြေရေးအတွက်လည်း တတ်နိုင်သလောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ပြီး ပြည်သူများမှ အားကိုးရသည့် ကျန်းမာရေးဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

■ ■ ■

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

(၄ - ၉ - ၂၀၂၄)





ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များအတွင်း ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမုန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိသည့် PNLO အဖွဲ့၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ဒေသခံ တိုင်းရင်းသားပြည်သူများနေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များတွင် တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ သာသနိက အဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်ဒေသတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို စက်တင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူတို့လိုက်ပါ၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တောင်ကြီး–ဟိုပုံး–ဆီဆိုင်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းတိုင်းရင်းသားများနှင့် ပအိုဝ်းတိုင်းရင်းသားအများစု အေးချမ်းစွာ သွားလာနေထိုင်ပြီး လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းမှုများကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့သို့ ရောက်ရှိရာ အကြမ်းဖက်သမားများ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဆီဆိုင်မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်သွားမည့် အခြေအနေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က

အသစ်ပြန်လည်ဆောင်ရွက်မည့်မြို့မဈေးအား ခေတ်နှင့် လျော်ညီသည့် အဆင့်မြင့် ဈေးပုံစံဖြစ်စေရေး၊ ဆိုင်ခန်းများ သင့်တင့်သည့် အကျယ်အဝန်းဖြစ်စေရေး ဆောင်ရွက် သွားရန်၊ ရေ မီး စနစ်များ၊ ယာဉ်ရပ်နားရန် နေရာများမှအစ စနစ်တကျ တွက်ချက်၍ ထည့်သွင်းစဉ်းစားဆောင်ရွက် သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆီဆိုင်မြို့၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ဝန်ထမ်းအငှားအိမ်ရာ သို့ ရောက်ရှိကြရာ အကြမ်းဖက်သမားများ၏ အဖျက် အမှောင့်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြား သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆီဆိုင်မြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသသည် ရေခံမြေခံကောင်းကို ပိုင်ဆိုင်ထားသည့် ဒေသဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများကိုပိုင်ဆိုင် ထားသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ သို့သော်လည်း အစဉ်အဆက် တည်ငြိမ်အေးချမ်း၍ ရိုးသားအေးချမ်းစွာ နေထိုင်ခဲ့သော ပအိုဝ်းတိုင်းရင်းသားတို့၏ ဆီဆိုင်ဒေသသည် PNLO အကြမ်းဖက်အဖွဲ့၏ အခွင့်အလမ်းတစ်ခုကို မျှော်မှန်းပြီး ဆောင်ရွက်သည့် မိုက်မဲသည့် အကြမ်းဖက် လုပ်ရပ်ကြောင့် ယခုကဲ့သို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ် ခဲ့ရကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် အတွက်မှာ ရပ်တန့်နေ၍မရဘဲ ရှေ့သို့အစဉ်အဆက် ဆက်လက်လှမ်းချီနေရမည်၊ အလုပ်လုပ်နေရမည်ဖြစ် ကြောင်း၊ ရပ်တန့်နေပါက မိမိတို့အနေဖြင့် နောက်တွင် ကျန်နေခဲ့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော အကြမ်းဖက် လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရခြင်းဖြင့် ဖွံ့ဖြိုး တိုးတက်မှုများ နှောင့်နှေးကြန့်ကြာနေရကြောင်း၊ ဒေသ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက် နိုင်သည်မှာ ဒေသခံများသာဖြစ်သကဲ့သို့ ဒေသ၏ မတည် ငြိမ်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျအောင် ဆောင်ရွက် သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူ များအနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုး ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသ၏အကျိုးကိုအမြင်ကျယ်ကျယ်ဖြင့်ကြည့်၍ အသိဉာဏ် ပွင့်လင်းပြီး အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများ ဖြင့် ဖော်ဆောင်ကြရန်လိုကြောင်း။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ ပညာရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်ရေးကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ဒေသဖွံ့ဖြိုး တိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသခံ များ ပညာရေးကို အားပေးကြစေရေး ဆောင်ရွက်ပေး ရမည်ဖြစ်ပြီး ဒေသ၏ အနာဂတ်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမား များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီး ခဲ့ရသည့် ဆီဆိုင်မြို့အပါအဝင် ပတ်ဝန်းကျင်ရှိ ကျေးရွာ များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား နိုင်ငံတော် အစိုးရနှင့် တပ်မတော်မှတတ်စွမ်းသ၍ ဆောင်ရွက်ပေး သွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုတို့မှလည်း ဝိုင်းဝန်း ပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရှေ့သို့ မတိုးနိုင်ဘဲ ရပ်တန့်နေခြင်းသည် ဒေသနှင့် နိုင်ငံတော်အတွက် ဆုံးရှုံး မှုပင်ဖြစ်သဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ် အေးချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် ဆွေးနွေးပြောကြားသည့် အမှာစကား

( ၄ - ၉ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ကယားပြည်နယ် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပိုးရယ်အောင်သိန်း၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကယားပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ လွိုင်ကော်မြို့အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိမှု၊ လူနေရပ်ကွက်များအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိမှု၊ ဒေသတွင်း ဆန်နှင့် ဆီဖူလုံမှု၊ သီးနှံစိုက်ပျိုးမှုများ အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ချေးပေးထားမှု၊ လွိုင်ကော်စက်မှုဇုန် ပြန်လည်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေသြဇာများနှင့် အစေ့ချကိရိယာများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ ဒေသအတွင်း ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြန်လည်

ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဌာနဆိုင်ရာ အဆောက်အအုံများအား ဦးစားပေးအလိုက် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ သောက်သုံးရေ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့မှုနှင့် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ လွိုင်ကော်လေဆိပ် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ခရီးသည်ယာဉ်လိုင်းများနှင့် ကုန်တင်ယာဉ်များ ပြန်လည်ပြေးဆွဲလျက်ရှိမှု၊ ဆက်သွယ်ရေး တာဝါတိုင်နှင့် မိုဘိုင်းဆက်သွယ်ရေးစခန်းများ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ပေးမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီရိမင်္ဂလာဈေးအသစ် ပြန်လည်တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လွိုင်ကော်မြို့အား မြို့အင်္ဂါရပ်နှင့် အညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုနှင့် အားကစားနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးလျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးရှိ ပျက်စီးခဲ့သည့် ကုသရေးအထောက်အကူပြုစက်ပစ္စည်းများ ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဒေသတွင်နေထိုင်သူများက ဒေသ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် လုပ်ဆောင်ခြင်းသည် အလွန်ဆိုးရွားသည့် လုပ်ရပ်ဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာမီကာလက လွိုင်ကော်ဒေသအတွင်း KNDF အဖွဲ့နှင့် PDF အမည်ခံကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ထို့သို့ ဆောင်ရွက်ခြင်းသည် ကယားပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်သည့် လုပ်ရပ်ဖြစ်သဖြင့် ဆိုးရွားသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်ကြောင်း၊ ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကိုဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သောလက်နက်ကိုင်အဖွဲ့အစည်းများ၏အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့်၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကိုဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုကြောင်း၊ အကြမ်းဖက်

> ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်း ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်သည်မှာလည်း ဒေသခံများပင်ဖြစ်၊ အကြမ်းဖက် တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းသည် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းပင်ဖြစ်။ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကိုဖျက်ဆီးနေသည့် ဒေသတွင်း နေထိုင်သော လက်နက်ကိုင် အဖွဲ့အစည်းများ၏ အကြမ်းဖက် လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် ၎င်းတို့သက်ဆိုးရှည် စေမည့် ကိစ္စရပ်များကို ဝိုင်းဝန်း တားဆီး ဆောင်ရွက်ပေးကြစေလို။

သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူ တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့ယာယီအားဖြင့် ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ် ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကျန်းမာရေးနှင့် ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်**

ဒေသအလိုက် ပညာရေးကဏ္ဍကောင်းမွန်ပါက ဒေသဖွံ့ဖြိုးမှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍတွင် အားနည်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဟူသည့်အတိုင်း အတန်းပညာများ သင်ယူချိန်တွင် သင်ကြားပြသပေးသည့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများသည် ကလေးငယ်များ၏ ဘဝတစ်လျှောက်လုံးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသအတွင်း ပညာတတ်များ ပေါ်ထွန်းလာမည်ဆိုပါက ၎င်းတို့ဘဝအတွက် အထောက်အကူပြုစေမည်ဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်အတွင်း ပညာရေးကဏ္ဍ မြှင့်တင်ရေးအတွက် အားလုံးက ဝိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ လွိုင်ကော်မြို့ရှိ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများ ပြန်လည်တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များကိုလည်း ဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်ပြီး အခြားမြို့များတွင် သွားရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ မိမိတို့နေထိုင်သည့်ဒေသ၌ ပြန်လည်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ပညာသင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်ကို ကျော်လွန်သွားသည့် လူငယ်များအတွက်လည်း ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် စာကြည့်တိုက်များတွင် စာဖတ်နိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း။

ကျန်းမာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ပြည်သူ့ဆေးကုသမှုမြှင့်တင်ရေးလုပ်ငန်းများကို လွိုင်ကော်ဒေသတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင်လည်း မိမိကိုယ်တိုင်လာရောက်၍ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ယခုအခါတွင်လည်း နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု ပုံစံဖြစ်ရန်လိုကြောင်း၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် သောက်စားမှုများ၊ စားသောက်မှုများ မဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ပြီး ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအသိဖြင့် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်**

လွိုင်ကော်ဒေသအတွင်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ၊ ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဦးစားပေး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တည်ဆောက်ပေးသကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသကို မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ကိုယ်စီထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပြည်နယ်ယဉ်ကျေးမှုပြတိုက်ရှိ ပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများဆောင်ရွက်သွားသည်ဟုသိရကြောင်း၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို သင်ခန်းစာယူ၍ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အစိုးရ တစ်ခုတည်းသာမက ဒေသခံပြည်သူလူထုမှလည်း အတူတကွ

ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ဒေသအတွင်း ပြန်လည်ဝင်ရောက်နေထိုင်၍ လုပ်ငန်းတာဝန်ထမ်းဆောင်နေမှုကို မိမိအနေဖြင့် ဂုဏ်ယူအသိအမှတ်ပြု ချီးကျူးပါကြောင်း။

မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲပြန်လည်ကျင်းပ နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကယားပြည်နယ် အတွင်း၌လည်း သန်းခေါင်းစာရင်း ကောက်ယူခြင်း လုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရွေးကောက်ပွဲမကျင်းပမီ ကြိုတင်ပြင်ဆင်သည့်ကာလ အတွင်း ကိုယ်စားလှယ်လောင်းများအနေဖြင့် စည်းရုံးရေး လုပ်ငန်းများ ဆောင်ရွက်ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် အတွက် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုများရရှိအောင် ဆောင်ရွက်ကြရသည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ၂၀၂၄ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၇ - ၉ - ၂၀၂၄ )





ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ၂၀၂၄ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို စက်တင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရန်အောင်မြင်ကြိုးဝိုင်း၊ အကွက်အမှတ်(၁၆)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပွဲများကို ပြုလုပ်လျက်ရှိကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့် တိုက်ရိုက်အကျိုးကျေးဇူးများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိကြောင်း။

**“မိုးပေါ်ကရေ၊ မြေပေါ်ကတော၊ မိုးရေကို ငွေလိုစု၊ ရွှေဥတဲ့ တော”** ဆိုသည့်အတိုင်း သစ်ပင်သစ်တော

များသည် ရေအရင်းအမြစ်များ၊ ရေသယံဇာတများကို ထိန်းသိမ်းပေးသည့်အတွက် အလွန်အဖိုးတန်လှကြောင်း၊ သစ်ပင်များ၏ အမြစ်များသည် မြေဆီလွှာကို ကုပ်တွယ်ထိန်းသိမ်းထားပြီး ရွက်အုပ်ပင်စည်များနှင့်အတူ မြေပြင်တွင် ရေစီးဆင်းမှု၊ ရေစိမ့်ဝင်မှုများကို ထိန်းချုပ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် သဘာဝရေစစ်ကန်၊ ရေလှောင်ကန်များသဖွယ် အကျိုးပြုလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးကို အထောက်အကူပြုလျက်ရှိကြောင်း။

ရေချိုအရင်းအမြစ်များဖြစ်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ဆည်တာတမံများ ရေရှည်တည်တံ့စေရန် ရေဝေရေလဲဒေသရှိ သစ်ပင်သစ်တောများကို ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ **"ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ သစ်ပင်ရံမှ သဏ္ဌာန်လှပ မြဲထာဝရ"** ဆိုသည့်အတိုင်း သစ်ပင်သစ်တောများရှိမှသာ မြေတိုက်စားမှု၊ ရေတိုက်စားမှုများမှကာကွယ်ပြီး ဆည်များရေရှည်တည်တံ့စေမည်ဖြစ်ကြောင်း၊ လတ်တလောကြုံတွေ့နေရသည့် ရေကြီးရေလျှံမှုများသည် ရေဝေရေလဲသစ်တောများ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးခြင်း၊ နုန်းအနည်အနှစ်များပို့ချမှုများခြင်း၊ ရေစီးရေလာများ ထိန်းသိမ်းမှုအားနည်းခြင်းကြောင့် ပျက်စီးခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိစေရန်၊ အပူဒဏ်လျော့ပါးသက်သာစေရန်၊ ကျေးလက်နေပြည်သူများအတွက် ထင်း၊ တိုင်၊ မျောစသည့် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးရန် သစ်တောစိုက်ပျိုးရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေးအတွက် အမြဲမပြတ် ပြုစုထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန်အရေးကြီးကြောင်း။

ယခုနှစ်အတွင်း မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကို လေ့လာကြည့်ပါက ယခင်က တစ်ခါတစ်ရံသာ ရေကြီးခဲ့သည့် မြို့များ၌ ယခုအခါ နှစ်စဉ်ဆိုသလို ရေကြီးရေလျှံမှုများ ကြုံတွေ့လာရသည်ကိုတွေ့ရကြောင်း၊ သဘာဝကို ကောင်းအောင်ဖန်တီးသည်မှာ လူသားများဖြစ်သကဲ့သို့ ဆိုးအောင်ဖန်တီးသည်မှာ လူသားများပင်ဖြစ်ကြောင်း၊ လူသားလျှင် ပဓာနဖြစ်သည့်အတွက် သဘာဝသစ်တောများ စနစ်တကျ စီမံအုပ်ချုပ်ခြင်း၊ တောနိမ့်တောပါးနေရာများတွင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ရေဝေရေလဲ ဧရိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြမယ်ဆိုလျှင် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာ ကာကွယ်လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း။

**"သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန် အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးမှု"**ဟု ဆိုသည့်အတိုင်း သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်းထိန်းသိမ်းပြုစုစောင့်ရှောက်မှသာ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး သဘာဝအရင်းအမြစ်များကြွယ်ဝသည့်ပတ်ဝန်းကျင်ကောင်း တစ်ခုကို လက်ဆင့်ကမ်းပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် စိမ်းလန်းစိုပြည်သာယာစေရေးအတွက် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း Landscape များကို စဉ်ဆက်မပြတ် တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အလွန်အရေးပါသည့် သစ်ပင်သစ်တောများ၊ သစ်တောဂေဟစနစ် ထိန်းသိမ်းရေးလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှရှုမြင်သုံးသပ်ပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးများ ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများနှင့် မိုးသည်းထန်စွာရွာသွန်းစဉ် ပျက်စီးခဲ့မှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၅ - ၉ - ၂၀၂၄ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးလှမိုး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်၍ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်ကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြုပြင်ထိန်းသိမ်းလျက်ရှိမှု အခြေအနေများနှင့် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့စဉ် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ရွှေစည်းခုံစေတီတော်မြတ်ကြီး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ကြေးကူတိုက်များထိန်းသိမ်းထားရှိမှု၊ ရင်ပြင်တော်ရှိ မူလသဲကျောက်ပြားများအား သုတေသနပြုဖော်ထုတ်ထားရှိမှု၊ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ဘက်စောင်းတန်းရှိ ရှေးဟောင်းလက်ရာအုတ်တံတိုင်းများ ရေစိမ့်ဝင်ပြိုကျပျက်စီးနေမှု၊ စောင်းတန်းများ ပြုပြင်ထိန်းသိမ်းလျက်ရှိမှု၊ ရှေးဟောင်းလက်ရာ သာသနာရေးဆိုင်ရာ အဆောက်အအုံများ ထိန်းသိမ်းထားရှိမှု၊ ရင်ပြင်တော်၌ စကျင်ကျောက်ပြား ပတ်လမ်းဆောင်ရွက်ထားရှိမှု၊ စည်တော်ကြီးများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရင်ပြင်တော်ရှိ မူလသဲကျောက်ပြားများအား သုတေသနပြုဆောင်ရွက်

ပြီး ရှေးမူမပြတ် ထိန်းသိမ်းဆောင်ရွက်ထားရှိရန်လိုကြောင်း၊ သာသနာရေးဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင်လည်း မူလအလှူရှင်များ၏ ဆွေမျိုးများကို ပြန်လည်ဆက်သွယ်၍ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန်နှင့် အဆောက်အအုံများ၏ သမိုင်းမှတ်တမ်းများ ပြုစုထားရှိရန်လိုကြောင်း၊ ရှေးဟောင်းသာသနာရေးဆိုင်ရာ အဆောက်အအုံများသည် အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး စနစ်တကျထိန်းသိမ်းထားရှိသွားရန်လိုကြောင်း၊ စေတီတော်ကြီးပရိဝုဏ်တော်အတွင်း အခြားအဆောက်အအုံအသစ်များ ဆောက်လုပ်ခြင်းမပြုရန်လည်းလိုကြောင်းနှင့် စေတီတော်ကြီးရှိ ရှေးဟောင်းကျောက်စာများကိုလည်း စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရွှေစည်းခုံစေတီတော်မြတ်ကြီးသည် နှစ်ပေါင်း ၉၆၀ ကျော်ခန့် သက်တမ်းရှိပြီဖြစ်သဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းရန်လိုပြီး ရှေးမူမပျက် ခေတ်နှင့်အညီဖြစ်ရန်လိုကြောင်း၊ အခြားစေတီပုထိုးများကိုလည်း အလားတူထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရွှေစည်းခုံစေတီတော်ကြီးသည် ပုဂံဒေသရှိ ရှေးဟောင်းစေတီတော်များတွင် အထင်ကရဖြစ်သည့် စေတီတော်ကြီးဖြစ်ပြီး အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရားတို့သည်လည်း အထင်ကရဖြစ်သည့် ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီးများပင်ဖြစ်ပြီး အခြားအထင်ကရဖြစ်သည့် ရှေးဟောင်းဘုရားစေတီများလည်း များစွာရှိကြောင်း။

စေတီတော်ကြီးများကို ခေတ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရာတွင် ရေရှည်စီမံချက်များဖြင့် စနစ်တကျစဉ်းစားတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုလတ်တလောဆောင်ရွက်ထားသည့် ထိန်းသိမ်းထားရှိမှုများသည် လိုအပ်ချက်များစွာရှိနေသေးသည်ကို တွေ့ရကြောင်း၊ ရင်ပြင်တော်ပတ်လမ်းများကိုလည်း စနစ်တကျဖြစ်အောင် ပြန်လည်ဆောင်ရွက်ရန်လိုပြီး ဘုရားဖူးလာပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် အဝေး/အနီးမှ ကြည်ညိုဖူးမြော်နိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိန်းသိမ်းမှုလုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်ရန် Master Plan များ ထားရှိရန်လိုပြီး အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ခုကောင်း၊ နှစ်ခုကောင်းဆောင်ရွက်၍မရဘဲ အားလုံးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ရေဝင်ရေထွက်စနစ်များမှအစ စနစ်တကျဖြင့် တွက်ချက်၍ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ညောင်ဦးခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

## ( ၁၆ – ၉ – ၂၀၂၄ )







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိဌာနဆိုင်ရာတာဝန်ရှိသူများအား ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ ပုဂံယဉ်ကျေးမှုပြတိုက်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဒေသအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်များကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများ၊ အမိန့်နှင့်ညွှန်ကြားချက်များအပေါ် တိကျစွာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့လုပ်ငန်းတာဝန်နှင့်ပတ်သက်၍ သိရှိအောင် အမြဲလေ့လာဆောင်ရွက်ပြီး မိမိတို့တာဝန်ယူထားရသည့် လုပ်ငန်းတာဝန်အလိုက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်နေထိုင်လုပ်ကိုင် ဆောင်ရွက်နိုင်မှု ရှိရမည်ဖြစ်ကြောင်း။

ဒေသ၏ပညာရေးပိုင်းနှင့်ပတ်သက်၍ စာရင်းဇယားများအရ ညောင်ဦးခရိုင်အတွင်း လူဦးရေငါးသိန်းကျော်ခန့် ရှိသည်ကို တွေ့ရှိရသော်လည်း ကျောင်းသား၊ ကျောင်းသူများမှာ လူဦးရေ၏ ၁၇ ရာခိုင်နှုန်းကျော်သာ ရှိသဖြင့် ရာခိုင်နှုန်းနည်းပါးကြောင်း၊ အထက်တန်းအဆင့်အထိ တက်ရောက်သည်မှာ ၁၂ ဒသမ ၈၈ ရာခိုင်နှုန်းအထိသာ ရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုများသည်လည်း နည်းပါးနေကြောင်း၊ ထို့ကြောင့် ညောင်ဦးခရိုင်အတွင်း ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများအောက်တွင် အများဆုံးနေရပြီး ကျောင်းစည်းကမ်းများကို လိုက်နာရကြောင်း၊ အထက်တန်းပညာအထိ သင်ကြားခဲ့ရသည့် ကျောင်းသားများနှင့် မူလတန်းပညာအထိသာ သင်ကြားခဲ့ရသည့် ကျောင်းသားများ၏ စည်းကမ်းလိုက်နာမှုများမှာ တူညီမှုမရှိနိုင်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး အနည်းဆုံး KG+9 အထိ မဖြစ်မနေသင်ကြားထားရန်လိုကြောင်း၊

ပညာရေးနှင့်ပတ်သက်၍ ယနေ့ကမ္ဘာပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအရ ပညာခေတ်၊ IT နည်းပညာ၊ AI နည်းပညာခေတ်တွင် လူတိုင်းအလယ်တန်းအဆင့်အထိ ပညာတတ်မြောက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ညောင်ဦးခရိုင်အတွင်း ပညာရေးကို အားပေးဆောင်ရွက်ကြစေရေး တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် အသိပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ကိုဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပညာတတ်မှသာ အတွေးအခေါ်များ ကောင်းမွန်တိုးတက်လာပြီး စဉ်းစားဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း။

**ဒေသ၏ ပညာရည်မြင့်မားရေး**

ထို့ပြင် ပညာရေးအားပေးရမည်ဖြစ်သကဲ့သို့ စာဖတ်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အနေဖြင့် မူဝါဒအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့် ပညာသင်ကြားခြင်းမပြုနိုင်တော့သည့်အရွယ်သို့ ရောက်ရှိနေသူများအနေဖြင့် ဘဝတိုးတက်ရေးအတွက် သိရှိရန်လိုအပ်သည့် အသိပညာများ၊ အတတ်ပညာများကို လေ့လာဆည်းပူးနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများ၌ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းဖြင့်လည်း ကလေးငယ်များ၏ စာဖတ်ခြင်း အလေ့အကျင့်ကောင်းနှင့် စာဖတ်စွမ်းအားများ တိုးတက်လာပြီး ဗဟုသုတ အသိအမြင်များ ပိုမိုသိရှိလာမည်ဖြစ်ကြောင်း၊ ပညာရည်မြင့်မားရေးသည် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နိုင်ရေး ပုံဖော်နေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်နေရသည့်ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်မည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**စိုက်ပျိုးရေး**

ညောင်ဦးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြချက်များအရ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရန် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ စိုက်ပျိုးသည့်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဒေသအတွင်းဖူလုံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးတက်ရေး၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးတို့အတွက် မျိုးကောင်းမျိုးသန့်များရရှိရန်လိုသကဲ့သို့ မြေပြုပြင်ခြင်းနှင့်ပတ်သက်၍လည်း မြေဩဇာထည့်သွင်းခြင်းအပါအဝင် သွင်းအားစုများ အလုံအလောက် စိုက်ထည့်ရမည်ဖြစ်ကြောင်း၊ မြေဩဇာနှင့်ပတ်သက်၍ သစ်စိမ်းမြေဩဇာကို စိုက်ပျိုးဆောင်ရွက်၍ ရသကဲ့သို့ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်းဖြင့်လည်း ဇီဝမြေဩဇာကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီမရွေး ဆောင်ရွက်နိုင်ရန်အတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် ရေတင်ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ဖြစ်သော်လည်း ဥစ္စာရှင်းလို၊ ဥစ္စာရှင်းခဲ့ဟူသည့် စကားနှင့်အညီ မိမိတို့ ကိုယ်တိုင်လည်း အားစိုက်ထုတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေး အခြေခံနည်းလမ်းလေးသွယ်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းကို စနစ်တကျဖြင့် ဆောင်ရွက်သွားမည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကာ တောင်သူများအနေဖြင့်လည်း ဝင်ငွေပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဒေသခံများ ဝင်ငွေကောင်းမွန်မည်ဆိုပါက ဒေသတွင်း လည်ပတ်ငွေအားကောင်းလာပြီး ဒေသ၏ စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်**

ထို့ပြင် ညောင်ဦးခရိုင်အနေဖြင့် ဒေသ၏ ရှိရင်းစွဲဆုလာဘ်တစ်ခုဖြစ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများမှလည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တွင် ပိုင်ဆိုင်ထားသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေ အနှစ်များ၊ အလှအပများကို လာရောက်လေ့လာခံစားကြသည့် ခရီးသွားများ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့အောင် စီမံဆောင်ရွက်ဆွဲဆောင်ခြင်းအားဖြင့် မိမိတို့ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ အိမ်သာမှ ညေ့်လာမည်

ဖြစ်သည့်အတွက် ဒေသတွင်း သာယာလှပရေး၊ မျက်စိပသာဒဖြစ်ဖွယ် ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြေသည့် မြင်ကွင်းများ ရရှိခံစားနိုင်ရေး၊ ဒေသထွက်စားသောက်ကုန်ပစ္စည်းများ အဆင့်မီကောင်းမွန်စေရေး၊ အဆင့်မီသည့် တည်းခိုနေထိုင်မှုစနစ်ရှိစေရေး ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ စေတီပုထိုးများနှင့် ပတ်သက်၍လည်း ဘုရားဖူးလာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာမြင်တွေ့ဖူးမြင်နိုင်ရေး စနစ်တကျ စီမံထားရှိရန်လိုကြောင်း။

**မြေယာစီမံခန့်ခွဲမှုများ စနစ်တကျဖြစ်ရန်လို**

ဒေသရှိ မြေလွတ်မြေရိုင်းများ၊ လယ်ယာမြေများ၊ ရေးဟောင်းမြေများ စီမံခန့်ခွဲမှုများနှင့်ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေတို့နှင့်အညီ ဖြစ်ရန်လိုကြောင်း၊ မြေနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့မြေများ တိုးချဲ့ရာတွင်လည်း Town Plan များ စနစ်တကျရေးဆွဲပြီး စည်းကမ်းနှင့်အညီ တင်ပြပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ပုဂံညောင်ဦးဒေသသည်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်မြေများရှိသည့်အတွက် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲခြင်းကြောင့် ဒေသ၏ဖူလုံရေးကို ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသရှိမြေများကို အကျိုးရှိရှိ အသုံးချရန်လိုပြီး Town Plan များစနစ်တကျရေးဆွဲ၍ ဆောင်ရွက်ရန်လိုကြောင်း၊ Town Plan ရေးဆွဲရာတွင်လည်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ ရုံးဌာနအဆောက်အအုံများ၊ အပန်းဖြေနေရာများကို စနစ်တကျထည့်သွင်းနိုင်ရေး အချိန်ယူ ဆွေးနွေးတိုင်ပင်၍ တွက်ချက်ရေးဆွဲသွားရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုတိုးတက်စေရေးအတွက် ညောင်ဦးလေဆိပ်ကိုလည်း အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်ရသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် အခြေအနေ အရပ်ရပ်ကို ကြိုတင်တွက်ချက်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပုဂံညောင်ဦးဒေသ၏ အခြေအနေအရပ်ရပ်မှာ တိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၁၇ - ၉ - ၂၀၂၄ )





သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးနိုင်ရန် အစည်းအဝေးခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်းရာဂီ၏ အရှိန်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင်ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရှမ်းပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ရာဂီမုန်တိုင်း ဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို သတင်းများအရ သိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ၊ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်းအတာအထိဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြကြောင်း၊ စက်တင်ဘာ ၇ ရက်နေ့တွင် ရာဂီမုန်တိုင်းသည် ဗီယက်နမ်

နိုင်ငံကို စတင်ဖြတ်ကျော်ခဲ့ပြီး ယင်းအချိန်တွင် ဘင်္ဂလား ပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ သတိပေးထုတ်ပြန်မှုများ ဆောင်ရွက်ခဲ့သော်လည်း ယခုအတိုင်းအတာအထိ အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဟု မှန်းဆမှု မရှိခဲ့ကြကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ဒေသများ၌ လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့် အခြေအနေမဖြစ်ပေါ်ခဲ့ဖူးကြောင်း၊ ညအချိန် မိုးရွာသွန်းမှုများပြားပြီး ရုတ်တရက် တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ယခုကဲ့သို့ ထိခိုက်မှုများပြားခဲ့ရခြင်းဖြစ်ကြောင်း။

**ဖြစ်စဉ်အပေါ် သုံးသပ်၊ သင်ခန်းစာရယူ၊ ပြင်ဆင်မှုများ ပြုလုပ်**

သဘာဝဘေးအန္တရာယ်သည်ရှောင်လွှဲ၍မရသော်လည်း တတ်နိုင်သမျှ ထိခိုက်မှုလျော့နည်းအောင်နှင့် အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်နိုင်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံအလယ်ပိုင်း၌ ကာလတစ်လျှောက် ထိခိုက်မှု အကြီးမားဆုံးဖြစ်နိုင်ကြောင်း၊ သင်ခန်းစာ ရယူရမှုများနှင့် ပြင်ဆင်ရမည်များ များစွာရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်လွှင့်ရာတွင် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများထက် သာမန်ပြည်သူလူထုသတိပြုနားလည်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ပြန်မှုများ ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် လွယ်ကူရှင်းလင်းစွာဖြင့် နားလည်သိရှိလိုက်နာနိုင်အောင် ထုတ်ပြန်ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ထုတ်ပြန်မှသာလျှင် ပြည်သူများအနေဖြင့် ရှင်းလင်းစွာသိရှိပြီး အလေးထားလိုက်နာနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးရာသီကာလအတွင်း မိမိတို့နိုင်ငံတွင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းအားလုံးတို့၌ မိုးများ များပြားစွာ ရွာသွန်းခဲ့သည်ကို တွေ့ရှိရပြီး ထိုသို့ ရွာသွန်းမှုများကြောင့် မြေသားများမှာ စိုထိုင်းဆ များပြားလျက်ရှိပြီး မြေများကျစ်လျစ်မှုအားနည်းသည့်အချိန်ဖြစ်ကြောင်း၊ ယခုရက်ပိုင်းအတွင်းဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး လျှပ်တစ်ပြက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် ယခင်ပျော့နေသည့် မြေသားများမှာ ပြိုကျမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယမန်နေ့က ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့စဉ် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှု၏ ရေစီးဆင်းရာ အစဖြစ်သည့် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တောင်ကုန်း

မြို့ရွာများ၊ လမ်းကြောင်းများ၌
ရေထွက်စနစ်များ ကောင်းမွန်မှုမရှိခြင်း၊
ရေနုတ်မြောင်းစနစ်များ
ကောင်းမွန်မှု မရှိခြင်းကြောင့်လည်း
ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်၊
သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်
ရေထုတ်စနစ်များ ကောင်းမွန်စေရေး
ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လို၊
လမ်း၊ တံတား၊ ဆည်၊ မြောင်းများ၏
ရေထွက် စနစ်များကို နှစ်စဉ်စစ်ဆေးပြုပြင်
ထိန်းသိမ်းမှု(Maintenance) မပျက်မကွက်
ပြုလုပ်ရန်လို၊ ရေကြီးရေလျှံမှုများ
ဖြစ်ပေါ်ချိန်၌ လူနေအိမ်များ
များစွာဆုံးရှုံးခဲ့သည်ကို တွေ့ရပြီး
ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို
ပြန်လည်ထူထောင်ရေးလုပ်ငန်းများ
ဆောင်ရွက်ပေးသွားရမည်ဖြစ်၊
ရေဘေးဒုက္ခသည် စခန်းများရှိ ပြည်သူများ
စားသောက်ရေး အတွက်လည်း
အဆင်ပြေအောင်ဆောင်ရွက်ပေးရမည်ဖြစ်။

တောင်တန်းများပေါ်မှ ရေများစီးဆင်းတိုက်စားခဲ့မှုကြောင့် တောင်ပြို၊ မြေပြိုမှုများဖြစ်ပေါ်နေမှု၊ တောင်ကျချောင်း ရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုကြောင့် ရေတိုက်စားရာလမ်းကြောင်းကြီးများ ဖြစ်ပေါ်နေမှုနှင့် ရေပြန်လည်ကျဆင်းသွားပြီးနောက် သဲနုန်းများ၊ အပျက်အစီးများ ဖြစ်ပေါ်ကျန်ရှိနေမှု၊ စိုက်ကေအများအပြားပျက်စီးခဲ့မှုနှင့် ရေစီးဆင်းရာလမ်းကြောင်းနှင့် နီးစပ်သည့် အချို့သော ကျေးရွာများ ရေဖုံးလွှမ်းခဲ့မှုဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးခဲ့ရမှုအခြေအနေများကို စိတ်မကောင်းဖြစ်ဖွယ်တွေ့မြင်ခဲ့ရကြောင်း။

ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့်ဆက်စပ်၍ သစ်ထုတ်လုပ်မှုများနှင့်ပတ်သက်၍လည်း တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့ပြီး ထိခိုက်ပျက်စီးမှု ပိုမိုများပြားခဲ့ရခြင်းဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ရာသီဥတုနှင့်ပတ်သက်၍ မျှော်မှန်းထားသည်ထက် ပိုမိုအချိန်တိုလျင်မြန်စွာ ဖြစ်ပွားခဲ့ခြင်းကြောင့်လည်း ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူဆည်မြောင်းနှင့် လမ်း၊ တံတားဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုအပိုင်းနှင့်ပတ်သက်၍ စနစ်တကျ တွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် တံတားများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် သင်ခန်းစာယူ၍ တံတားများ တည်ဆောက်ရာတွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်သွားရန်လိုကြောင်း၊ ယခင်က ကုန်ကျစရိတ်သက်သာစေရန် တံတားအရှည်နှင့် ခန်းဖွဲ့အားလျှော့၍ ချဉ်းကပ်လမ်းအားတိုးမြှင့်ထားမှုများကို ပြန်လည်စစ်ဆေးသုံးသပ်ရန်လိုကြောင်း၊ ထို့ပြင် တံတားနေရာများသို့ ရေဝင်ရောက်ရာလမ်းကြောင်းနှင့် ရေထွက်ရာလမ်းကြောင်းနေရာများ၌ ရေစီးဆင်းမှုကောင်းမွန်စေရေး ချောင်းဖြောင့်ခြင်းလုပ်ငန်း အပါအဝင် အခြားလိုအပ်သည်များ ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆည်/မြောင်းများနှင့် ပတ်သက်၍လည်း ဆည်များအတွင်း သဲနုန်းများ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်း စီးဆင်းဝင်ရောက်လာပြီး ဆည်များကောခြင်း၊ အောက်ခြေမျက်နှာပြင်တက်လာခြင်းများကို အမြဲမပြတ် ဖယ်ထုတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြစ်ချောင်းများအတွင်း သဲနုန်းများ အနည်ကျမှုများပြားလာခြင်းသည် မြစ်ချောင်း ကြမ်းခင်း(Bed Level) မြင့်တက်လာပြီး ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် သံလွင်မြစ်တို့တွင် ရွှေတူးဖော်ခြင်း၊ ကျောက်တူးဖော်ခြင်းတို့ကြောင့် မြစ်အောက်ပိုင်းများတွင် နုန်းပို့ချမှုများလာကြောင်း၊ ထို့ကြောင့် မြစ်ချောင်းများတစ်လျှောက်ကိုလည်း အရေးကြီးသည့် အစိတ်အပိုင်းအလိုက် သောင်တူးခြင်းများ ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရွာများ၊ လမ်းကြောင်းများ၌ ရေထွက်စနစ်များ ကောင်းမွန်မှုမရှိခြင်း၊ ရေနုတ်မြောင်းစနစ်များ ကောင်းမွန်မှု မရှိခြင်းကြောင့်လည်း ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ရေထုတ်စနစ်များ ကောင်းမွန်စေရေး ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်း၊ တံတား၊ ဆည်၊ မြောင်းများ၏ ရေထွက်စနစ်များကို နှစ်စဉ်စစ်ဆေးပြုပြင်ထိန်းသိမ်းမှု(Maintenance) မပျက်မကွက် ပြုလုပ်ရန်လိုကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း သေဆုံးခဲ့ရသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၊ အိုးအိမ်ဆုံးရှုံးခဲ့ရသူများကို ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်၌ လူနေအိမ်များ များစွာဆုံးရှုံးခဲ့သည်ကို တွေ့ရပြီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ပြည်သူများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ရေဘေးဒုက္ခသည် စခန်းများရှိပြည်သူများ စားသောက်ရေးအတွက်လည်း အဆင်ပြေအောင်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် ပြည်သူများ သွားလာမှု အဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုများ ပြတ်တောက်မှု မရှိစေရေးအတွက် ထိခိုက်ပျက်စီးခဲ့ရသည့် လမ်း၊ တံတားများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးသွားသည့် တံတားများတွင် ယာယီဘေလီ

တံတားများကို ဦးစားပေးဆောက်လုပ်သွားရန်လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရေဘေးရှောင်စုရပ်များသို့ ယာယီခေါ်ဆောင်ထားသည့် ပြည်သူများကိုလည်း ၎င်းတို့၏ နေရပ်သို့ပြန်လည်သွားရောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရေဝင်နစ်မြုပ်ခဲ့သည့် ရပ်ကွက်ကျေးရွာများအတွင်း သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လိုပြီး မြို့နယ်၊ ရပ်ကွက်ကျေးရွာများအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ၎င်းတို့၏ နေရပ်ဒေသအသီးသီး၌ အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ငွေကြေး၊ စက်ယန္တရားများနှင့် အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လက်ရှိ နောက်ဆုံးကောက်ယူရရှိထားသည့် စာရင်းများအရ ယခုဖြစ်ပေါ်ခဲ့သည့်သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၂၆၆ ဦးသေဆုံးခဲ့ပြီး ပျောက်ဆုံးသူ ၇၇ ဦး၊ ရေစီးဖြင့် မျောပါသူ ၁၂ ဦး၊ ဒဏ်ရာရရှိသူ ၄၇ ဦးရှိကြောင်း၊ လူနေအိမ်များပျက်စီးမှုအနေဖြင့် ၁၉၁၅ လုံး လုံးဝပျက်စီးခဲ့ပြီး ၂၀၁ လုံးမှာ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့ကြောင်း၊ ရေဝင်နစ်မြုပ်မှုမှာ ၁၅၈၃၄၃ လုံး ဖြစ်ကြောင်း၊ ယာယီဒုက္ခသည်စခန်းများတွင် ၁၆၃၅၇၃ ဦး ရောက်ရှိလျက်ရှိပြီး ဆွေမျိုးများအိမ်တွင် သွားရောက်နေထိုင်သူ ၂၄၅၃၅ ဦးရှိကြောင်း၊ သက်ဆိုင်ရာ ကျေးရွာများအလိုက် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့် ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အသင့်စားခေါက်ဆွဲများအပါအဝင် အခြားစားသောက်ဖွယ်ရာများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

ယခုမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်သည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

ကယ်ဆယ်ရေးအဖွဲ့များ အနေဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေမည့်အရာများကို အမြန်ဆုံး ရှင်းလင်းရန်လိုအပ်ကြောင်း၊ အလှူငွေများ လက်ခံရာတွင်လည်း ကော်မတီအနေဖြင့် စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ကြောင်း၊ အစားအသောက်များ လှူဒါန်းမှုကို လက်ခံရာတွင်လည်း သန့်ရှင်းလတ်ဆတ် သည့် အစားအသောက်များ ဖြစ်ရန်လိုကြောင်း၊ လမ်းပန်း ဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ရန် လိုအပ်ကြောင်း၊ မိုးလေဝသသတင်းများကိုလည်း ပြည်သူများ ရှင်းလင်းစွာဖြင့် အချိန်တိုအတွင်း နားလည်မှုလွယ်ကူစေရေး ထုတ်ပြန်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သစ်များထုတ်လုပ်လျက်ရှိသည့် သစ်ဆိပ်များတွင် သစ်များခုတ်ယူထားရှိပြီး သယ်ယူရန်ကျန်ရှိနေသည့် သစ်လုံးများမှာ ရေစီးဖြင့် မျောပါလာခဲ့သည့်

**ယခုမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေး အန္တရာယ်သည် မိမိတို့ နိုင်ငံအတွက် ကြီးမားသည့် သင်ခန်းစာတစ်ခုဖြစ်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များ အားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်လို။**

အတွက် ထိခိုက်မှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် သစ်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် မိုးမကျမီအချိန်အတွင်း ခုတ်ယူထားသည့် သစ်များကို သစ်ကွင်းများ၌ ကျန်ရှိမှု မရှိစေရေး သတ်မှတ်သစ်ဆိပ်နေရာများသို့ သယ်ဆောင်ထားရန်လိုကြောင်း၊ တရားမဝင် သစ်ထုတ်လုပ်မှုများ မရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် တားမြစ်ရန်လိုအပ်ကြောင်း၊ ရေများကျဆင်းချိန်တွင် ကျောက်ထုတ်စခန်းများမှ ကျောက်များမှာ ရေစီးဖြင့် မျောပါလာခဲ့သည့်အတွက် အန္တရာယ်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ဆ၍ လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးသွားသည့် သီးနှံများပြန်လည်စိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးထောက်ပံ့ငွေများနှင့် စိုက်ပျိုးရေးချေးငွေများ ပေးအပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်စည်စီးဆင်းမှုများ ကောင်းမွန်ချောမွေ့စေရေးအတွက်လည်း မီးရထားလမ်းများ ပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လို**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် လာမည့် အောက်တိုဘာ ၁ ရက်နေ့တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကူညီကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ၎င်းတို့၏ နေရပ်များတွင် အတတ်နိုင်ဆုံး အမြန်ဆုံးပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့်ပတ်သက်၍ ပျက်စီးမှုအနည်း၊ အများအလိုက် ဦးစားပေးအဆင့်သတ်မှတ်ပြီး အမြန်ဆုံး ပြီးစီးစေရန်နှင့် အချိန်အကြာဆုံး ဖ လတာ ကာလအတွင်း ပြီးစီးစေရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပိတ်ထားရသည့် ကျောင်းများကိုလည်း အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ပြန်လည်ဖွင့်လှစ်ချိန်တွင် သင်ခန်းစာများလစ်ဟင်းမှု မရှိစေရေး အချိန်ပိုများ သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းပိတ်ရက် အလွန်များပြားသွားမည်ဆိုပါက နွေရာသီတွင် ပြန်လည်သင်ကြားပေးနိုင်ရေး စီမံသွားရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရရှိင်သမျှ Saving လုပ်သွားရန်လိုကြောင်း၊ ယနေ့တင်ပြချက်များအား Check List ပြုလုပ်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို အမြဲမပြတ်စိစစ်၍ လုပ်ငန်းတိုးတက်မှုများကို တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်သွားရန်နှင့် တင်ပြသွားရန်လိုကြောင်း၊ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေး အဓိကထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

# ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအား သွားရောက်ကြည့်ရှု စစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၈ - ၉ - ၂၀၂၄ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရေကြီးရေလျှံမှု သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရသည့် တပ်ကုန်းတပ်နယ်အတွင်းရှိ တပ်ဌာနချုပ်များအားသွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ထောက်ပံ့ရေးပစ္စည်းများပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နယ်မြေခံတပ်ဌာနချုပ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ၍ မမျှော်မှန်းနိုင်သော ရုတ်တရက်ဖြစ်ပေါ်လာသည့် သဘာဝဘေးဒဏ်ကိုကြုံတွေ့ခဲ့ရသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ အခက်အခဲများအား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိုးရွာသွန်းမှုများဖြစ်ပေါ်မည်ဟုကြိုတင်သတိပေးချက်များရှိခဲ့သော်လည်း ယခုအတိုင်းအတာအထိ မိုးသည်းထန်စွာရွာသွန်းမည်ဟု မှန်းဆမှုမရှိခဲ့ကြကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် တောင်ပြို၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့တရားဝင်ခွင့်ပြုပေးထားသည့် သစ်ကွင်းများမှ သယ်ယူနိုင်ခြင်းမရှိသေးသည့် သစ်လုံးကြီးများ၊ သစ်လုံးကြီးများထုတ်ယူရာတွင် ဖြတ်တောက်ထားသည့် ဖြတ်စများသည်လည်း တောင်ကျရေစီးကြောင်းများနှင့်အတူ မျောပါတိုက်စားခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများ ပိုမိုများပြားခဲ့ရခြင်းဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုများအတွက် လိုအပ်သည့်ထောက်ပံ့မှုများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**စနစ်တကျ သုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်**

တာဝန်ရှိသူများအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ရေကြီးရေလျှံမှုကြောင့်

ပျက်စီးမှုများနှင့် ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့် လမ်းကြောင်းများ ရှင်းလင်းခြင်းကို ဦးစွာဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သွားလာရေးကိစ္စပြီးပါက ဒုတိယဦးစားပေးအနေဖြင့် ရေ၊ မီး များရရှိရေးကို ဆောင်ရွက်ပေးသွားရန်လိုပြီး ထိုမှတစ်ဆင့် အခြားပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မိသားစုဝင်များ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း စီမံပေးရမည်ဖြစ်ပြီး အခြေခံစားကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုဖြစ်စဉ်ကို သင်ခန်းစာယူ၍ ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပေါ်လာချိန်တွင် ရေလမ်းကြောင်းနှင့် မလွတ်ကင်းနိုင်သည့် အဆောက်အအုံများကို စနစ်တကျ သုတေသနပြုလုပ်၍ ရွှေ့ပြောင်းဆောက်လုပ်ခြင်းများ ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

■ ■ ■

# ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများကို သွားရောက်အားပေးစဉ် ပြောကြားသည့်အမှာစကား

( ၁၈ - ၉ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိ ရေဘေးရှောင်ပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များတွင် ယခုတစ်ကြိမ် တွေ့ကြုံရမှုသည် အကြီးမားဆုံးဖြစ်ကြောင်း၊ မိမိ ပုဂံ–ညောင်ဦး ခရီးစဉ်မှအပြန်တွင် ရဟတ်ယာဉ်ဖြင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများသို့ ကြည့်ရှုခဲ့ရာ တောင်ကျချောင်းရေများကြောင့် သစ်ပင်နှင့် သစ်တုံးကြီးများ ရေနှင့်အတူ မျောပါလာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ယနေ့ နံနက်ပိုင်းတွင်လည်း တပ်ကုန်းမြို့ အနီးတစ်ဝိုက်သို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများမှာ အလုံးအရင်းလိုက်ဖြင့် စီးဆင်းခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ကြောင်း။

## များစွာ စိတ်မကောင်းဖြစ်ရ

မိမိအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရမှုအပေါ် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရှောင်ရှား၍ မရသော်လည်း ကြိုတင်ကာကွယ်မှုကိစ္စရပ်များကို လုပ်ဆောင်နိုင်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် မူလအခြေအနေများ ပြန်ရောက်စေရန်နှင့် ပိုမိုကောင်းမွန်စေရန် မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေ ပြန်လည်ရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးခဲ့သည့် နေရာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

အတွက် နိုင်ငံတော်မှဦးဆောင်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ပျက်ဆီးဆုံးရှုံးခဲ့သည့် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်နိုင်ရေး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်စေရန်အတွက် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချိန်ကာလအားဖြင့် အများဆုံး ခြောက်လတာကာလအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် ပြောကြားထားပြီးဖြစ်ကြောင်း။

အလားတူ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ကြောင်း၊ စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီးပြန်လည်စိုက်ပျိုးရန်အတွက် ခက်ခဲသွားကြောင်း၊ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ တတ်နိုင်သမျှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ နွေသီးနှံများကို အပြည့်ပြန်လည်စိုက်ပျိုးပြီး မိုးရာသီတွင် ပျက်စီးသွားသည့် သီးနှံများကို ဖြည့်စွက်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း မိုးရွာသွန်းမှုများပြားသဖြင့် ဆည်/တာတမံများအတွင်း ရေများပြည့်ဝစွာဝင်ရောက်လျက်ရှိသောကြောင့် လာမည့်နွေရာသီအတွက် စိုက်ပျိုးရေကို အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးများနှင့်ပတ်သက်၍လည်း မွေးမြူထားသည့် တိရစ္ဆာန်များ သေဆုံးခဲ့မှုများရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက်လည်း အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင်လည်း စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် အကျိုးကျေးဇူးများကို ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

> **သဘာဝဘေးအန္တရာယ်ဆိုသည်မှာ**
> **ရှောင်ရှား၍ မရသော်လည်း**
> **ကြိုတင်ကာကွယ်မှုကိစ္စရပ်များကို**
> **လုပ်ဆောင်နိုင်သကဲ့သို့**
> **သဘာဝဘေးအန္တရာယ်ကျရောက်ပြီးပါက**
> **ကယ်ဆယ်ရေး လုပ်ငန်းများဖြင့်**
> **မူလအခြေအနေများ ပြန်ရောက်စေရန်နှင့်**
> **ပိုမိုကောင်းမွန်စေရန်**
> **မိမိတို့အားလုံး၏ လုံ့လ၊ ဝီရိယများဖြင့်**
> **ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်၊**
> **စိတ်ဓာတ်ကျနေ၍မရဘဲ မူလအခြေအနေ**
> **ပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်**
> **သွားရမည်ဖြစ်၊ ပျက်စီးဆုံးရှုံးခဲ့သည့်**
> **နေရာများကို ပြန်လည်ထူထောင်ရေး**
> **လုပ်ငန်းများအတွက် နိုင်ငံတော်မှ**
> **ဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်။**

**အဝတ်တစ်ထည် ကိုယ်တစ်ခု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် "သဘာဝဘေးအန္တရာယ်ဆိုတာက ရှောင်ရှားလို့မရဘူးပေါ့ဗျာ၊ တကယ်တော့ စိတ်မကောင်းဘူးပေါ့လေ၊ နိုင်ငံတော်ရဲ့ဆုံးရှုံးမှုဆိုတဲ့ဟာထဲမှာလည်း ခင်ဗျားတို့ရဲ့ ပိုင်ဆိုင်မှုများပါသလို၊ နိုင်ငံတော်က တည်ဆောက်ထားတဲ့ လမ်းတို့၊ တံတားတို့ အဆောက်အအုံတွေ၊ စက်ရုံ အလုပ်ရုံတွေ၊ လျှပ်စစ်ဓာတ်ပေးဝေရေးလုပ်ငန်းတွေ၊ ဆက်သွယ်ရေးလုပ်ငန်း၊ ဒါတွေလည်း နိုင်ငံတော်ရဲ့ ဆုံးရှုံးသွားတာပဲ၊ ခင်ဗျားတို့လည်း ခင်ဗျားတို့ ပိုင်ဆိုင်မှုတွေဆုံးရှုံးသွားတာပဲ၊ ခုနက ကျွန်တော်မေးတယ်၊ ဘာတွေရခဲ့လဲဆိုတော့ အဝတ်တစ်ထည်ကိုယ်တစ်ခုတည်းလို့ ဖြေတဲ့သူလဲပါတယ်၊ တစ်ချို့လည်း ရတဲ့ဟာတွေ ကောက်ဆွဲလာရတာတွေပါတယ်၊ တစ်ချို့လည်း နောက်ဆုံးတော့ သွားနေကျဈေးခြင်းလေးပါလာတယ်၊ ဘာပစ္စည်းမှမပါဘူး၊ လူကအဲ့အချိန်မှာ ထူပူနေကြပြီကိုး၊ ဆွဲမိဆွဲရာဆွဲလာတာပေါ့၊ တော်သေးတယ်၊ ကလေးတွေပါလာလို့၊ ကျွန်တော်တို့ဟိုဘက်မှာဆို ကလေးတွေပါသွားတာရှိပါတယ်၊ စိတ်လည်းမကောင်းပါဘူး၊ အတတ်နိုင်ဆုံးခင်ဗျားတို့ မူလအခြေအနေအတိုင်းဖြစ်အောင်တော့ ကျွန်တော်တို့ကူညီပေးပါမယ်၊ သေဆုံးမှုအတွက်လည်း လူမှုဝန်ထမ်းဝန်ကြီးဌာနကနေပြီးတော့ လျော်ကြေးတွေပေးတယ်၊ နောက်ဒဏ်ရာရတဲ့

သူတွေကိုလည်း၊ နောက်တစ်ခါ ဆေးကုသမှုအတွက် ထောက်ပံ့ကြေးတွေပေးသလို၊ ပျက်စီးသွားတဲ့ အဆောက်အအုံတွေအတွက်လည်း အခုကျွန်တော်တို့တွက်နေပါတယ်၊ လုံးဝပျက်သွားတဲ့အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ တစ်စိတ်တစ်ပိုင်းပျက်သွားတဲ့ အိမ်တွေဆိုရင် ဘယ်လိုပေးမလဲ၊ လုံးဝပျက်သွားတဲ့အိမ်မှာမှ တဲဆိုရင် ဘယ်လောက်ပေးမလဲ၊ ရိုးရိုးအိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ နှစ်ထပ်အိမ်ဆိုရင် ဘယ်လောက်ပေးမလဲ၊ တတ်နိုင်သလောက် ကျွန်တော်တို့ပေးပါမယ်၊ ဖြစ်နိုင်သလောက် ဒေသနဲ့ ကိုက်ညီတဲ့ ဟာမျိုးတော့ ကျွန်တော်တို့စဉ်းစားပါတယ်၊ နောက်ကျောင်းနဲ့ပတ်သက်တာပေါ့၊ ဒီလကုန်အထိ ကျောင်းတွေဖွင့်ဖို့ကြိုးစားနေပါတယ်၊ အကြောင်းကြောင်းကြောင့် ကျောင်းတွေပိတ်ရတယ်ဆိုရင်လည်း စနေ၊ တနင်္ဂနွေမှာ အစားထိုးပြန်တက်ဖို့၊ သီတင်းကျွတ်ပြီးသွားရင်တော့ စနေ၊ တနင်္ဂနွေဖြစ်မှာပေါ့၊ ဝါမကျွတ်ခင်ကတော့ တနင်္ဂနွေပိတ်ရက်ရှိတယ်၊ ဒီတနင်္ဂနွေပိတ်ရက်ကိုတော့ ကလေးတွေကျောင်းတက်ကောင်းတက်ရလိမ့်မယ်၊ သို့သော် စာမေးပွဲဖြေရမယ့်အချိန်မှာ သူသင်ပြီးတဲ့ ဘာသာရပ်အတိုင်းပဲ ကျွန်တော်တို့ စာမေးပွဲစစ်ပေးပါမယ်၊ ကျန်တဲ့အချိန်တွေမှာတော့ ကျောင်းတော့ပြန်တက်ရမယ်လို့ သဘာဝဘေးအန္တရာယ်ကြောင့် ပိတ်ထားရတဲ့ကျောင်းတွေကို ဒီလိုစီစဉ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားတို့ကျောင်းတွေလည်း ကလေးတွေပြန်လွှတ်ပေးဖို့ပြောလိုပါတယ်၊ ပြန်လွှတ်ပေးပါ၊ စာတတ်လို့ရှိရင်၊ ပညာတတ်လို့ရှိရင် နောင်တစ်ချိန်အတွက်၊ သူတို့ဘဝအတွက် အများကြီး အထောက်အကူရတယ်၊ မဟုတ်ဘူးဆိုရင်တော့ တစ်ချိန်မှာ အခက်အခဲဖြစ်လာနိုင်တယ်၊ ခင်ဗျားတို့၊ ကျွန်တော်တို့ လူကြီးတွေကတော့ ပညာသင်ကြားလို့မရတော့ဘူး၊ ခင်ဗျားတို့ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့ လမ်းကြောင်းအတိုင်းပဲ လက်ရှိအခြေအနေမှာ ကျွန်တော်တို့ရှိတယ်၊ နောင်ကျလို့ရှိရင် ကျွန်တော်တို့ ကလေးတွေက ကျွန်တော်တို့ ထက်သာအောင်လုပ်ပေးရမယ်၊ ကျွန်တော်တို့ခေတ် ထက်သာအောင်လုပ်ပေးရမယ်၊ ဒါတကယ် မိဘပီသပါတယ်။”

“လက်ရှိအချိန် အခြေအနေမှာတော့ ဒုက္ခသုက္ခရောက်နေတာကိုတော့ ကိုယ်ချင်းစာပါတယ်၊ စိတ်လည်း မကောင်းပါဘူး၊ ကျွန်တော်တို့ တတ်နိုင်သလောက် နိုင်ငံတော်ပိုင်းကလည်း လုပ်ပေးပါမယ်၊ ကျွန်တော်တို့ နိုင်ငံတင်မဟုတ်ပါဘူး၊ ကျွန်တော်တို့ အာရှတင်ပဲလားဆိုတော့မဟုတ်ဘူး၊ ဟို ဥရောပနိုင်ငံတွေလည်း ရေကြီးနေကြတာပဲ၊ သဘာဝကြီးက ဖြစ်လာတာဖြစ်ပါတယ်၊ သဘာဝဘေးအန္တရာယ် တစ်ကမ္ဘာလုံးမှာဖြစ်နေကြတာ ဖြစ်တော့ ဒီအပေါ်မှာ ကျွန်တော်တို့က ကြံ့ကြံ့ခံပြီးတော့မှ လူထုရဲ့ ကြံ့စည်မှုနဲ့၊ လုံ့လ၊ ဝီရိယနဲ့ အားထုတ်သွားမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ကျော်လွှားလို့ရမယ်ဆိုတာလေး ပြောချင်ပါတယ်၊ ဒီအတွက် မလျှော့တဲ့ဇွဲလုံ့လနဲ့ ဆက်ပြီးလုပ်သွားကြဖို့လည်း အားမွေးသွားကြဖို့လည်း ပြောလိုပါတယ်၊ ဒီမှာ အားမွေးသွားကြပါ၊ ပြန်ရောက်လို့ရှိရင်လည်း ထိုက်သင့်တဲ့ နေဖို့ထိုင်ဖို့ စားဖို့ သောက်ဖို့ ကျွန်တော်တို့ ထောက်ပံ့ပေးပါမယ်၊ ကျွန်တော်ပြီးပြီးရော မလွှတ်ပါဘူး၊ အကုန်လုံးစီစဉ်ပေးပါမယ်။”

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်ဒေသ့ခန်းမဆောင်၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ ယခုဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို အမြန်ဆုံးစာရင်းကောက်ယူ၍ အချက်အလက်များ ပြုစုဆောင်ရွက်သွားရန်လိုကြောင်း၊ အိုးအိမ်များပျက်စီးမှုတွင် လုံးဝပြိုကျပျက်စီးဆုံးရှုံးခြင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးဆုံးရှုံးခြင်း၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ တဲအိမ် စသည်ဖြင့် ထိခိုက်ပျက်စီးမှုများအလိုက် ဆုံးရှုံးမှုတန်ဖိုးများကို အပိုင်းလိုက်သတ်မှတ်ကာ ပျက်စီးမှုရာခိုင်နှုန်းအလိုက် ထောက်ပံ့မှုများ ပမာဏသတ်မှတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုနည်းတူ သေဆုံးခဲ့ရသူများအတွက်လည်း နိုင်ငံတော်အနေဖြင့် ငွေကြေးထောက်ပံ့ပေးခြင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ထိခိုက်မှု အနည်းအများအလိုက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စာရင်းကောက်ယူခြင်းများ၊ ငွေကြေးတွက်ချက်ခြင်းလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ထိခိုက်ခဲ့ရသူများကို အမြန်ဆုံး ထောက်ပံ့ပေးအပ်နိုင်ရေး

ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများကလည်း မိမိတို့တတ်နိုင်သည့်ဘက်မှ ကူညီပေးခြင်းများ၊ အစားအသောက်ထောက်ပံ့ပေးအပ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း ရေဘေးသင့်ပြည်သူများအနေဖြင့် သွားလာမှု အနီးအဝေးအပေါ်မူတည်၍ ထောက်ပံ့ရေးပစ္စည်းများ ညီတူညီမျှရရှိမှုမရှိခြင်း၊ အစားအသောက်များထောက်ပံ့ရာတွင် အလှူရှင်များ များပြားကွဲပြားသည့်အတွက် တွဲဖက်၍ စားသုံးရန်မသင့်သည်များကို တွဲဖက်စားသုံးမိခြင်း၊ သယ်ယူပို့ဆောင်ရာတွင် သန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့် အစာအဆိပ်သင့်မှုတို့သည်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းများအလိုက် လာရောက်လှူဒါန်းမှုများကို စိစစ်ဆောင်ရွက်သွားရန်လိုပြီး ကြီးကြပ်ရေးအဖွဲ့များဖွဲ့၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးသွားမည်ဆိုပါက မလိုလားအပ်သော ထိခိုက်မှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် စေတနာရှင်အလှူရှင်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့် ကျေးဇူးတင်စကား

( ၂၁ - ၉ - ၂၀၂၄ )





မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာလ ၂၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများ လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို မှတ်တမ်းတင်ထားသည့် "သဘာဝဘေးအန္တရာယ်ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှားကြမည်" Video Clip ကို ဖွင့်လှစ်ပြသသည်။

**အလှူငွေများအသီးသီး ပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင်၊ အလှူရှင်များက အလှူ

ငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ဦးဝဏ္ဏမောင်လွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ် လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြား ရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် စိတ်စေတနာသဒ္ဓါတရားထက်သန်စွာ ဖြင့် လှူဒါန်းကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အပေါင်းကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန် ကောင်းတောင်းပါကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် မုန်တိုင်း သည် အလွန်အင်အားပြင်းထန်သည့် မုန်တိုင်းတစ်ခုဖြစ်ပြီး ထိခိုက်ပျက်စီးမှုများသည်လည်း အလွန်များပြားခဲ့ကြောင်း၊ မုန်တိုင်း ဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှု ရှိသည်ကို နိုင်ငံတကာမှ ထုတ်ပြန်သည့်သတင်းများအရ သိရှိခဲ့ကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး နှစ်ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ၊ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ ဖြစ်ပေါ်လေ့ ရှိသော်လည်း ယခုအတိုင်းအတာအထိဖြစ်မည်ဟု မမျှော် မှန်းခဲ့ကြကြောင်း၊ တစ်ချိန်တည်းတွင် ဘင်္ဂလားပင်လယ် အော်၌လည်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေ ခဲ့ကြောင်း၊ ယင်းတို့၏ အရှိန်များကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်အချို့တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုများကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်း များတစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယခုကြုံတွေ့ခဲ့ရသည့် ရေဘေးကြုံတွေ့ ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခုကဲ့သို့ ဆိုးရွားသည့်အခြေအနေ မကြုံတွေ့ခဲ့ဖူးကြောင်း ကို သိရှိရကြောင်း၊ ညအချိန် မိုးရွာသွန်းမှု များပြားပြီး ရုတ်တရက် တောင်ကျရေများ အလုံးအရင်းဖြင့် စီးဆင်း လာခဲ့သဖြင့် ထိခိုက်မှု များပြားခဲ့ရခြင်းဖြစ်ကြောင်း။

မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ မြို့နယ် ၅၄ မြို့နယ်တွင် ရေကြီး ရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက်ကြောင့် ခြောက်ပုံ တစ်ပုံ (၁၆ရာခိုင်နှုန်း)

မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့်
ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုရှိ
မြို့နယ် ၅၄ မြို့နယ်တွင် ရေကြီးရေလျှံမှုများ
ဖြစ်ပွား၊ လုံးဝပျက်စီးသွားသည့်
အဆောက်အအုံပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်
တစ်ပိုင်း ပျက်စီးခဲ့သည့် အဆောက်အအုံ
ပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့်
အဆောက်အအုံပေါင်း ၁၃၆၀၂ လုံး
စုစုပေါင်း ၁၉၁၆၂၇ လုံးနှင့်
စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်း
ရေဝင်နစ်မြုပ်ပျက်စီးခဲ့လူဦးရေ ၁၄၈၆၄၃ ဦး
ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့၊
ပျောက်ဆုံးနေသူ ၈၉ ဦးရှိ၊ ဘာသာရေးနှင့်
ပတ်သက်ပြီး ၄၃၅ ကျောင်း ပျက်စီးခဲ့၊
လမ်းတံတား ၅၃၃ ခု ရေမျောပျက်စီးခဲ့၊
လျှပ်စစ်မီးတိုင် ၂၄၈၉ တိုင်၊ ဆက်သွယ်ရေး
တာဝါတိုင် ၉၉ ခု၊ တိရစ္ဆာန်သေဆုံးမှု
၁၄၄၉၉၈ ကောင်၊ စပါးစိုက်ဧက ၇၃၅၄၆၁
ဧက ပျက်စီးခဲ့သည်ကို တွေ့ရှိရ။

ခန့် ရေကြီးခဲ့ကြောင်း၊ ယနေ့နံနက်ရရှိသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် အဆောက်အအုံပေါင်း ၂၁၄၉ လုံး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် အဆောက်အအုံပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့် အဆောက်အအုံပေါင်း ၁၃၆၀၂၃ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနှင့် စာသင်ကျောင်း ပေါင်း ၅၄၆ ကျောင်း ရေဝင်နစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် လူဦးရေ ၁၄၈၆၄၃ ဦး ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့ကြောင်း၊ နေပြည်တော်မှ ၁၆၄ ဦး၊ ကရင်ပြည်နယ်မှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၃၄ ဦး၊ ရှမ်းပြည်နယ်မှ ၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ တစ်ဦးဖြစ်ပြီး ပျောက်ဆုံးနေသူ ၈၉ ဦးရှိကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး ၄၃၅ ကျောင်း ပျက်စီးခဲ့ကြောင်း၊ လမ်းတံတား ၅၃၃ ခု ရေမျောပျက်စီး ခဲ့ကြောင်း၊ လျှပ်စစ်မီးတိုင် ၂၄၈၉ တိုင်၊ ဆက်သွယ်ရေး တာဝါတိုင် ၉၉ ခု၊ တိရစ္ဆာန်သေဆုံးမှု ၁၄၄၉၉၈ ကောင်၊ စပါးစိုက်ဧက ၇၃၅၄၆၁ ဧက ပျက်စီးခဲ့သည်ကို တွေ့ရှိ ရကြောင်း။

ယခုအချိန်သည် အားလုံးအတွက် အခက်အခဲများ ကိုယ်စီဖြစ်ပေါ်လျက်ရှိသည့် အချိန်ဖြစ်သော်လည်း အလှူငွေများ များစွာ ထည့်ဝင်ခဲ့ကြသည်ကို တွေ့ရှိရသည့် အတွက် များစွာဝမ်းမြောက်ရပါကြောင်း၊ ပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ အလားတူ ရေဘေးသင့်ပြည်သူ များကိုလည်း အားလုံးက ဝိုင်းဝန်း၍လှူဒါန်းခြင်း၊ ကူညီ ကယ်ဆယ်ခြင်းများကိုလည်း အဆက်မပြတ် ဆောင်ရွက် နေသည်ကို တွေ့ရကြောင်း၊ မြန်မာလူမျိုးများ၏ လှူချင်၊ တန်းချင်သည့် စိတ်များကြောင့် စေတနာသဒ္ဒါတရား ထက်သန်စွာဖြင့် လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ ရေဘေး သင့်ပြည်သူများအနေဖြင့် ရေရုတ်တရက်စီးဆင်းလာချိန်တွင် ရရာပစ္စည်းများကိုသာ ယူဆောင်လာရသဖြင့် အခက်အခဲ များစွာရှိကြကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးကူညီကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေ ကျပ်ဘီလီယံ ၃၀ သုံးစွဲရန်လျာထားပြီး ယခုလှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ် ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံးပြန်လည်ထူထောင် မှုပြုရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိအပါအဝင် နိုင်ငံတော် အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ်များ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ သွားရောက်၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှု များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ် ပြီးချိန်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက် မှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တို့သို့ သွားရောက်၍ လိုအပ်သည့် ပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် စနစ်တကျဖြင့် ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာ ကောင်းမွန် စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်း ရေကန်များ ပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ ကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှု နည်းခဲ့ရခြင်းဖြစ်ကြောင်း။

ရေကြီးရေလျှံမှုများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများတွင် ကြမ်းခင်း(Bed Level)များမှာ မြင့် တက်လျက်ရှိသည်ကိုတွေ့ရှိရပြီး သဲနုန်းများ အနည်ချမှု များပြားလာခြင်းကြောင့်ဖြစ်ကြောင်း၊ အချို့နေရာများတွင် တရားမဝင်သစ်ထုတ်လုပ်မှုများရှိခြင်းနှင့် သစ်လုပ်ငန်း များမှ ထုတ်လုပ်သည့် သစ်များကို အချိန်မီသယ်ယူနိုင်ခြင်း မရှိခြင်းတို့ကြောင့် ရုတ်တရက် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေများကျဆင်းလာချိန်၌ ပျက်စီးမှုများကို ပိုမိုများပြား စေခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် စိုက်ပျိုးဧက ခုနစ်သိန်းခန့် ပျက်စီးခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အချို့လယ်ယာ များမှာ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ပြုပြင်မှုများ များစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန် အဆင်မပြေတော့သည့် စိုက်ဧကများ၌ နှမ်းသီးနှံများကို စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍လည်း ရေဘေးသင့်ဒေသများရှိ ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားများအားလုံး အတန်းနှင့်လျော်ညီသည့် စာတတ်မြောက်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းများနှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများကို နိုင်ငံတော်အစိုးရက အမြန်ဆုံး ပြင်ဆင်တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်များနှင့် စာရေးကိရိယာများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းနိုင်ကြောင်း။

ယခုဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုမရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရန်အတွက် ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ နေထိုင်မှုများ စည်းကမ်းတကျရှိပါက ထိခိုက်ပျက်စီးမှုများနည်းနိုင်မည်ဖြစ်ပြီး အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ရေစီးရေလာများကို ထိခိုက်စေနိုင်ကြောင်း၊ ထိုမှတစ်ဆင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေနိုင်သဖြင့် နေထိုင်မှုများ စည်းကမ်းတကျရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

## ( ၂၅ - ၉ - ၂၀၂၄ )





အားကစားကဏ္ဍတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်အား တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာလ ၂၅ ရက်နေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ယခုကဲ့သို့ အားကစားပြိုင်ပွဲများကို ကျင်းပနေခြင်းသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အားကစားသမားများမှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအဖြစ်ကို တက်လှမ်းနိုင်စေရန် ရည်ရွယ်ကျင်းပနေခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်မွေးထုတ်ပေးနေခြင်းလည်းဖြစ်ကြောင်း။

**ကြံ့ခိုင်ဖွံ့ဖြိုးစေ**

အားကစားဟူသည်မှာ ခွန်အားနှင့် ဉာဏ်ရည်ကို

အသုံးပြုပြီး လှုပ်ရှားဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အားကစားလုပ်ဆောင်ခြင်းကြောင့် လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံမက စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်း မြင့်မားချိန်ကာလမှအပ နှစ်စဉ်ပုံမှန် ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့်တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့ တပ်မတော်သားများ၏ တစ်ဦးချင်းအပြင် အဖွဲ့လိုက် ယှဉ်ပြိုင်ရသည့် အားကစားနည်း (၁၀) မျိုးကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့နှင့် တပ်မတော်အားကစား ကော်မတီတို့ကို ဖွဲ့စည်းပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့် တပ်မတော်သားအားကစားသမားများ မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နှစ်စဉ်အားကစား ပြက္ခဒိန်ကို ရေးဆွဲထားရှိပြီး တိုင်းစစ်ဌာနချုပ်များ အလိုက် သတ်မှတ်ပြိုင်ပွဲများကို ကျင်းပခဲ့သောကြောင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ အတွက် သွေးသစ်လောင်းနိုင်သည့် အားကစားသမား ကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်နေခြင်းလည်း ဖြစ်ကြောင်း။

**အဆင့်အတန်းပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့**

အားကစားကဏ္ဍ တိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို အောင်မြင်စွာ မြှင့်တင်ပေးနိုင်ခြင်း ပင်ဖြစ်သောကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်ကို တိုက်ရိုက်သက်ရောက် ဖွံ့ဖြိုးတိုးတက်စေသည့် အဓိက အကြောင်းရင်းခံတစ်ရပ်လည်းဖြစ်ကြောင်း၊ တပ်မတော်သား အားကစားသမားများသည် နိုင်ငံတကာ အားကစား ပြိုင်ပွဲများနှင့် ဒေသတွင်း ပြိုင်ပွဲများတွင် အဆင့်အတန်း ပြည့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသည့်အပြင် နိုင်ငံ့ ဂုဏ်ဆောင်နိုင်သည့် ဆုတံဆိပ်အသီးသီး ဆွတ်ခူးရရှိ နေကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာ၌ ကြံ့ခိုင်သန်စွမ်းမှု၊ ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် စိတ်ဓာတ် ထက်သန် ပြင်းပြမှုတို့လိုအပ်ကြောင်း၊ အချင်းချင်း စည်းစည်းလုံးလုံး၊ အပြန်အလှန်နားလည်မှုရှိသည့် အဖွဲ့အစည်းစိတ်ဓာတ် နှင့် စုပေါင်းဖေးကူ ဆောင်ရွက်နိုင်စွမ်းရှိရန်လည်း မဖြစ် မနေလိုအပ်ကြောင်း၊ တပ်မတော်သားတပ်ဖွဲ့ဝင် အဆင့် အတန်းတိုင်းသည် နိုင်ငံ့လိုအပ်ချက်အရ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီတိုင်းအပေါ် ကျရောက်လာသည့် နိုင်ငံ့ တာဝန်မှန်သမျှကို အပြည့်အဝဆုံးသော ခွန်အား၊ အထက် မြက်ဆုံးသော စွမ်းဆောင်ရည်များဖြင့် ကျေပွန် အောင်မြင်အောင် ထမ်းဆောင်သွားနိုင်ရန်လိုကြောင်း။

ယခုကျင်းပပြုလုပ်သည့်အားကစားပြိုင်ပွဲသည်လည်း နိုင်ငံတော်က ချမှတ်ထားသော လူမှုရေးဦးတည်ချက်

> **အားကစားဟူသည်မှာ ခွန်အားနှင့်**
> **ဉာဏ်ရည်ကို အသုံးပြုပြီး လှုပ်ရှား**
> **ဆောင်ရွက်ရခြင်းဖြစ်၊**
> **အားကစားလုပ်ဆောင်ခြင်းကြောင့်**
> **လူတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်း**
> **အသီးသီးကို ကြံ့ခိုင်သန်စွမ်းစေရုံမက**
> **စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ ကြံ့ခိုင်ဖွံ့ဖြိုးစေ၊**
> **တပ်မတော်အနေဖြင့်**
> **နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အရည်အသွေးမြင့်**
> **တပ်မတော်သားအားကစားသမားများ**
> **မွေးထုတ်ပေးလျက်ရှိ၊ တပ်မတော်သား**
> **တပ်ဖွဲ့ဝင် အဆင့်အတန်းတိုင်းသည်**
> **နိုင်ငံ့လိုအပ်ချက်အရ တစ်ဦးချင်း၊**
> **တစ်ယောက်ချင်းစီတိုင်းအပေါ်**
> **ကျရောက်လာသည့် နိုင်ငံ့တာဝန်မှန်သမျှကို**
> **အပြည့်အဝဆုံးသော ခွန်အား၊**
> **အထက်မြက်ဆုံးသော စွမ်းဆောင်ရည်များဖြင့်**
> **ကျေပွန်အောင်မြင်အောင်**
> **ထမ်းဆောင်သွားနိုင်ရန်လို။**

တစ်ရပ်ဖြစ်သည့် **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး”**ဟူသည့်အချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲတွင် မိမိတို့ တိုင်းစစ်ဌာနချုပ်၏ ဂုဏ်ကိုဆောင်နိုင်သူ အားကစားသမားဖြစ်ရမည်ဟူသည့် ရည်မှန်းချက်ထားယှဉ်ပြိုင်သွားကြရန်၊ ရှိပြီးဖြစ်သည့် ကာယ၊ ဉာဏစွမ်းအားများကို ရေကုန်ရေခန်း ထုတ်ဖော်ပြသပြီး တပ်မတော်ဂုဏ်ဆောင်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အဆင့်ထိရောက်အောင် ကြိုးပမ်းသွားကြရန်၊ ကာကွယ်ရေးတာဝန်ကျေပွန်သည့် တပ်မတော်သားကောင်းအဖြစ် သာမက တပ်မတော်နှင့်နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အားကစားသမားကောင်းများဖြစ်အောင် မလျှော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၇ - ၉ - ၂၀၂၄ )





သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသ ရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

**ဦးဆောင်စိုက်ပျိုးပေး**

ယနေ့တွင် ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သစ်ပင်သစ်တောများရှိခြင်းသည် မိမိတို့နေထိုင်သည့် ပတ်ဝန်းကျင် သာယာလှပမှုကိုဖြစ်ပေါ်စေပြီး လူနှင့်သက်ရှိတို့အတွက် ကောင်းကျိုးများကိုရရှိကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)

လက်ရှိကာလတွင် ကမ္ဘာတစ်လွှား၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့်သဘာဝဘေးဒဏ်များ မကြာခဏကြုံတွေ့နေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကို ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်သော်လည်း ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းတို့ဖြင့် ကြိုတင်ကာကွယ်မှုများကိုပြုလုပ်နိုင်ကြောင်း။

၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပျက်စီးမှုအများဆုံးကြုံတွေ့ခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့တွင် လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်ပြီး အစားထိုး၍ မရနိုင်ကြောင်း၊ ထို့ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက် ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းပါးခဲ့ခြင်းဖြစ်ပြီး လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကို သာဓကအဖြစ်တွေ့မြင်နိုင်ကြောင်း။

မိမိတို့နိုင်ငံရှိ မြစ်ချောင်းများ၏ မြစ်ဖျားပိုင်းနှင့် အထက်ပိုင်းများ၌ ရွှေနှင့် သတ္တုတူးဖော်ခြင်း၊ မြစ်ကမ်းနံဘေးရှိသစ်များအား အလွန်အကျွံခုတ်ယူခြင်းများကြောင့် သဲနုန်းများ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်းစီးဆင်းဝင်ရောက်လာကာ သောင်ထွန်းခြင်းများနှင့် Bed Level မြင့်တက်ခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေလမ်းကြောင်း ထိန်းသိမ်းမှု အားနည်းခြင်းများကြောင့် မြစ်ချောင်းများအတွင်း သဲနုန်းများပို့ချမှု များပြားလာခြင်းသည် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ပြုလုပ်၍ စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

> **လက်ရှိကာလတွင် ကမ္ဘာတစ်လွှား၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့်သဘာဝဘေးဒဏ်များ မကြာခဏကြုံတွေ့နေကြရသည်ကို အားလုံးအသိပင်ဖြစ်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကို ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်သော်လည်း ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းတို့ဖြင့် ကြိုတင်ကာကွယ်မှုများကိုပြုလုပ်နိုင်၊ ရွှေနှင့် သတ္တုတူးဖော်ခြင်း၊ မြစ်ကမ်းနံဘေးရှိသစ်များအား အလွန်အကျွံခုတ်ယူခြင်းများကြောင့် သဲနုန်းများ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်းစီးဆင်းဝင်ရောက်လာကာ သောင်ထွန်းခြင်းများနှင့် Bed Level မြင့်တက်ခြင်းများ ဖြစ်ပေါ်လျက်ရှိ၊ ရေလမ်းကြောင်း ထိန်းသိမ်းမှု အားနည်းခြင်းများကြောင့် မြစ်ချောင်းများအတွင်း သဲနုန်းများပို့ချမှု များပြားလာခြင်းသည် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်။**

ရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း။

မကြာမီက ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများအနက် အဆိုးဆုံး ထိခိုက်ပျက်စီးမှုကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ရေစီးကြောင်းနှင့်အတူ မျောပါလာသည့် သစ်လုံးကြီးများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း။

သစ်တောတစ်ခုကိုဖန်တီးမည်ဆိုပါက အနည်းဆုံး ဆယ်နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်ပြီး မိမိတို့ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးရလဒ်ကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့်သစ်ပင်များစိုက်ပျိုးရာတွင် **“တစ်ပင်စိုက်လျှင် တစ်ပင်ရှင်ရမည်”** ဆိုသည့်အတိုင်း ရှင်သန်အောင်စိုက်ပျိုးသွားကြရန်နှင့် ရေရှည်ဆက်လက်ကြီးထွားလာစေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းသွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၇ - ၉ - ၂၀၂၄ )



၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟိုဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြား သည်။

**တက်ရောက်**

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ခရီးသွား လုပ်ငန်းတတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့ အစည်းကိုယ်စားလှယ်များ၊ ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူ များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား ရာတွင် ခရီးသွားလုပ်ငန်း၏ အရေးပါမှုနှင့် ခရီးသွား လုပ်ငန်းနှင့်ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန်ရည်ရွယ်ပြီး ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ်၊ စက်တင် ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ယခုရက်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနား များကို ကျင်းပလျက်ရှိကြကြောင်း၊၊

**နှစ်အလိုက်ဆောင်ပုဒ်များ သတ်မှတ်ကျင်းပ**

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်း

အနားများကို နှစ်အလိုက်ဆောင်ပုဒ်များသတ်မှတ်၍ ကျင်းပခဲ့ပြီး ယခုနှစ်အတွက် **“ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး – Tourism and Peace”** ဆိုသည့် ဆောင်ပုဒ်ဖြင့် ဂျော်ဂျီယာနိုင်ငံ၊ ထရီဗီလီဆီမြို့၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပလျက်ရှိကြောင်း။

**အမည်ပြောင်းလဲသတ်မှတ်**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာနားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကိုလေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့် အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၁၉၇၆ ခုနှစ်တွင် **“ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization–UNWTO)”** ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော်တို့ပါဝင်ကာ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစတင်ပြီး **“ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)”** ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး ဝန်ဆောင်မှုလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စာရင်းဇယားများအရ ကိုဗစ်–၁၉ ကပ်ရောဂါမဖြစ်ပွားမီ အချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ခရီးသည်စုစုပေါင်း ၁ ဒသမ ၅ ဘီလီယံ လှည့်လည်သွားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ ရရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများ၊ လူမျိုးများ၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကိုသိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ခရီးသွားလာမှုပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာကြီးငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးရရှိစေရန် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံး လိုအပ်သည့် အရာများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်အားလုံး စုပေါင်း၍ ကမ္ဘာလုံးဆိုင်ရာအကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရကြောင်း။

**အရင်းအမြစ်များစွာ ပိုင်ဆိုင်ထား**

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် ပေါင်းစည်းနေထိုင်ကြကြောင်း၊ အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေခရီးစဉ်ဒေသများ၊ မြင့်မားသည့် တောင်တန်းများ၊ ကျွန်းစုများနှင့် မြေသြဇာကောင်းသည့် လွင်ပြင်များ ကြွယ်ဝသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားသည့်သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ပိုမိုလာရောက်လည်ပတ်ကြရန် ဆွဲဆောင်နိုင်သည့်အရာများပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော်ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ပထမငါးလအတွင်း ငါးသိန်းကျော်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူ

ပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ဖြစ်နိုင်သည့် လုပ်ဆောင်ချက်များကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များ ကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဆိုပါက တိုင်းရင်းသားများ၏ ဒေသ ဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းလာ မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝကို ပြန်လည် ထူထောင်နိုင်မည်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး၏ အရသာနှင့် အသီးအပွင့်များကို ရရှိခံစားလာနိုင်မည်ဖြစ် ခြင်းကြောင့် လက်ရှိဆူပူအကြမ်းဖက်မှုများ လျော့နည်း ပပျောက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနနှင့် ခရီးသွားအဖွဲ့အစည်းများအနေဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် လုံခြုံစိတ်ချ ဘေးအန္တရာယ်ကင်းစွာ သွားလာလည်ပတ် နိုင်သည့် ပကတိအခြေအနေမှန်များကို ခရီးသွား ဧည့်သည်များထံ အချိန်တိုတိုအတွင်း ထိထိရောက်ရောက် သိရှိစေမည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြ ရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိက ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**တက်ညီလက်ညီပါဝင်ဆောင်ရွက်**

**"ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး"**ဟူသည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခရီးသွား လုပ်ငန်းကဏ္ဍ ဆောင်ရွက်သူများအားလုံး နိုင်ငံတော် အစိုးရနှင့်ပူးပေါင်းပြီး တက်ညီလက်ညီ ပါဝင်ဆောင်ရွက် သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြား သည်။

■ ■ ■

# ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများက အလှူငွေများ ဒုတိယအကြိမ်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၈ - ၉ - ၂၀၂၄ )



မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဒုတိယအကြိမ် ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာလ ၂၈ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အလှူငွေများလက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှု အခြေအနေများ၊ ရှာဖွေကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို မှတ်တမ်းတင်ထားသည့် “သဘာဝဘေးဒဏ် ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားမှုနှင့်အတူ ပြန်လည်ထူထောင်ရေးမှာ တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါစို့” Video Clip ကို ဖွင့်

လှုစ်ပြသသည်။

**အလှူငွေများ အသီးသီးပေးအပ်လှူဒါန်း**

ထို့နောက် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်း ပြည်ပ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစောတို့က အသီးသီးလက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**ကျေးဇူးတင်စကား ပြန်လည်ပြောကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေများ ပေးအပ်ကြမှုအပေါ် နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအကြိမ်သည် ဒုတိယအကြိမ်လှူဒါန်းမှုဖြစ်ပြီး ပထမအကြိမ်လှူဒါန်းမှု အခမ်းအနားတွင် (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ) ကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ အခက်အခဲများကြားမှ စိတ်စေတနာ ထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် အလှူငွေလက်ခံခြင်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့ ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ငွေကျပ် ၁၀ ဘီလီယံကျော်ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း၊ အလားတူ မိမိတို့အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများကို သွားရောက် လှူဒါန်းလျက်ရှိသည့် စေတနာရှင်ပြည်သူများသည်လည်း များစွာရှိပြီး မိမိတို့နိုင်ငံသားများအနေဖြင့် လူမှုရေးကိစ္စရပ်များတွင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းလိုသည့် စိတ်ရင်းစေတနာများ၊ အခြေခံစိတ်ဓာတ်ကောင်းများကို ဝမ်းမြောက်ဖွယ်တွေ့ရကြောင်း၊ ကောင်းမွန်ပြီး ဂုဏ်ယူဖွယ်ရာစိတ်ဓာတ်များပင်ဖြစ်ပြီး နိုင်ငံသားတိုင်းအနေဖြင့် ထိုကဲ့သို့ စိတ်ရင်းစေတနာ၊ စိတ်ဓာတ်ကောင်းတို့ဖြင့် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး သဘာဝဘေးဖြစ်ပေါ်ခဲ့မှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရေး လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့် အခြေအနေများ၊ မိုခါမုန်တိုင်းဒဏ်ကြောင့် ရေဝင်၊ ရေဝပ်မှုဖြစ်ပေါ်ခဲ့မှုများကို သင်ခန်းစာယူ၍ ပုဂံ ရေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခု မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးဒဏ်များကို သင်ခန်းစာယူပြီး နောင်ဖြစ်ပေါ်ချိန်များတွင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိ မြစ်များ၊ ချောင်းများ တစ်လျှောက်၌ ရေလမ်းကြောင်းထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် နှစ်စဉ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ၊ ဆေးရုံများ အပါအဝင် အများပြည်သူလူထုနှင့် သက်ဆိုင်သည့် အဆောက်အအုံများ၊ မြို့ပြများ အသစ်တည်ဆောက်ရာတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကို အဘက်ဘက်မှ ထည့်သွင်းတွက်ချက်စဉ်းစား၍ မြေနေရာ ရွေးချယ်ဆောင်ရွက်ခြင်း၊ ရေရှည်

တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ခြင်းများကို လုပ်ဆောင်သွားရန်လိုကြောင်း။

သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့မှုများကို အမြန်ဆုံး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပျက်စီးခဲ့သည့် နေအိမ်များအတွက်လည်း နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အချိန်တိုအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ ပျက်စီးခဲ့ရသည့် စိုက်ပျိုးမြေများ၌လည်း သင့်လျော်သည့် သီးနှံများကို ပြန်လည်စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်မည်ဆိုပါက ထိခိုက်ခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်မည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေး လုပ်ငန်းများကိုလည်း အလားတူ ဆောင်ရွက်ပေးနိုင်ရေး စဉ်းစားပေးကြရန်လိုကြောင်း။

အလှူရှင်များ၏ သန့်ရှင်းသောစိတ်ဖြင့် လှူဒါန်းခဲ့သည့် လှူဒါန်းမှုများကို အမှန်တကယ်လိုအပ်နေသူများထံသို့ ရောက်ရှိနိုင်ရေး စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရောင်အသွေးကင်းရှင်းစွာဖြင့် လှူဒါန်းလာသည့် ပြည်ပမှလှူဒါန်းမှုများကိုလည်း မိမိတို့အနေဖြင့် စနစ်တကျ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စေတနာရှင် အလှူရှင်များအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြှင့်တင်မှုလုပ်ငန်းများတွင်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရေဘေးဒဏ်ကျရောက်ခဲ့ရသည့် ကျောင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကလေးငယ်များ၏ ပညာရေး နောက်ကျမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ မိမိတို့အားလုံး ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့တွင် လာရောက်လှူဒါန်းကြသည့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မိမိတို့တတ်နိုင်သည့် နယ်ပယ်မှ အတူတကွဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

■ ■ ■

# မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၂၉ - ၉ - ၂၀၂၄ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မိတ္ထီလာခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား စက်တင်ဘာလ ၂၉ ရက်နေ့ မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဒေါက်တာညွှန့်ဖေ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**မိတ္ထီလာခရိုင်သည် ဗဟိုအချက်အချာကျပြီး အခြေခံကောင်းများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိတ္ထီလာဒေသနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရှေ့အနောက်၊ တောင်၊ မြောက်ဆုံသည့် နေရာတွင်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်ပတ်သက်၍ အချက်အချာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်ကြောင်း၊ မိတ္ထီလာဒေသ၏ အကျယ်အဝန်းနှင့် နေပြည်တော်ကောင်စီနယ်မြေ၏ အကျယ်အဝန်းမှာ ကွာဟမှုအနည်းငယ်သာရှိသကဲ့သို့လူဦးရေအနေဖြင့်လည်း မိတ္ထီလာတွင် ကိုးသိန်းကျော်ခန့်ရှိပြီး နေပြည်တော်တွင် တစ်သန်းကျော်ခန့်ရှိကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ မိတ္ထီလာဒေသကိုလည်း စံပြနေရာတစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊တည်နေရာအနေအထားအရ နိုင်ငံ၏ အလယ်ပိုင်း၌ရှိသည့် အပြင်ကုန်သွယ်မှုတွင် ဗဟိုကျပြီး အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သကဲ့သို့ ပညာရေးနှင့်ပတ်သက်၍လည်း တက္ကသိုလ်၊ ကောလိပ်များ ပြည့်စုံစွာတည်ရှိသည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ သွားလာမှုနှင့်ပတ်သက်၍လည်း

အဆင်ပြေလွယ်ကူသည့် မြေအနေအထားကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့သည့် ဒေသတစ်ခု ဖြစ်ကြောင်း။

**ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်**

ပညာရေးနှင့်ပတ်သက်၍လည်း အခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် ဒေသတစ်ခုဖြစ်သဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် KG+12 အထိ တက်ရောက်နိုင်သည့် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်သာ ပညာသင်ကြားနေကြကြောင်း၊ ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ကျောင်းတက်ရောက်မှုများ လျော့နည်းလာခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းများကြောင့်လည်း စာသင်ကျောင်းများကို ပိတ်ထားခဲ့ရကြောင်း၊ အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကိုတည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝမနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက် စိတ်ဓာတ်နှင့်စည်းကမ်းများ လိုက်နာမှု ကွာဟသွားမည်ဖြစ်ကြောင်း၊ အနည်းဆုံးအဆင့် KG+12 အထိ သင်ကြားနိုင်မည်ဆိုပါက စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျ သင်ကြားပေးမည်ဆိုပါက စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံမှ ပြည်ပနိုင်ငံများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများရှိကြောင်း၊ နိုင်ငံတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အလုပ်အကိုင် အခွင့်လမ်းများကိုလည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ခရိုင်များအားလုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများအတိုင်း ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးနည်းပညာများကို အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျင် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး လူမှုဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်**

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိရိုးဖလာစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး မိတ္ထီလာခရိုင်အတွင်း ဆန်ဖူလုံမှုအနေဖြင့် နည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ တစ်ဧကချင်း အထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးသမျှအကျိုးကို ခံစားနိုင်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုများ တစ်ဧကအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဆန်ဖူလုံမှုများတိုးတက်လာပြီး ဒေသဝင်ငွေကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြေခံစားကုန်များဖူလုံမှုမရှိပါက ပြင်ပမှ ဝယ်ယူစားသုံးရမည်ဖြစ်ပြီး ဒေသတွင်းမှငွေများ ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်

အထွက်နှုန်းပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း လည်ပတ်သုံးစွဲငွေများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ဒေသတွင်း မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့်လည်း ဒေသ၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးတာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

မိတ္ထီလာခရိုင်သည် ဝါနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထွက်ရှိသည့် ဒေသတစ်ခုဖြစ်သဖြင့် ဝါနှင့်ပတ်သက်သည့် စက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အမြင်ကျယ်ကျယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ဝါဂွမ်းများမှ အဆင့်မီသည့် ချည်ထည်ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်းတင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိတ္ထီလာဒေသအနေဖြင့် ဒေသတွင်းဖြစ်ထွန်းသည့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ ချည်ထည်၊ အထည်အလိပ်လုပ်ငန်းများ၌ ဦးဆောင်ဒေသတစ်ခု၊ စံပြခရိုင်တစ်ခုအဖြစ် ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမကို ဆောင်ရွက်သည့် စနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုထိရောက်အကျိုးရှိနိုင်ပြီး နိုင်ငံတော်အနေဖြင့်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထွက်နှုန်းနှင့်ပတ်သက်၍ စိုက်ပျိုးသည့် သီးနှံအမျိုးအစားများအလိုက် ကောက်ကွက်များပြည့်မီစေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးအတွက် အခြေခံများရရှိမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးဆောင်ရွက်သွားရန်လည်းလိုကြောင်း၊ စနစ်တကျစိုက်ပျိုးမှုများကို ဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သာမန်ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ အားထည့်၍ ဆောင်ရွက်သွားရန်လိုပြီး အချိန်ကို အကျိုးရှိစွာဖြင့် အသုံးချကြစေလိုကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်တာဝန်ထမ်းဆောင်နေကြသူများ၊ ဒေသခံများအားလုံးက အမြင်ကျယ်ကျယ်ဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

■ ■ ■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-24-6
9 789998 656246




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ )